# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၀၆)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၊ ၁၀-၁၀-၂၀၂၆၊ စနေနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## မြန်မာ့ပေါ်ဆန်းဆန် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice Award) ရရှိခြင်းအတွက် ဂုဏ်ပြုသဝဏ်လွှာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် International World Rice Conference 2026 တွင် မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆု(World's Best Rice Award)ကို ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာရှိသော ဆုတံဆိပ်ကိုရရှိခြင်းသည် **"မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်"**ဆိုသည့် စကားရပ်နှင့်အညီ မြန်မာ့ဆန်၏ အရည်အသွေး၊ အနံ့အရသာနှင့် ထူးခြားကောင်းမွန်မှုတို့ကို ကမ္ဘာက အသိအမှတ်ပြုခြင်း ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားဂုဏ်ယူမှုကိုလည်း မြှင့်တင်ပေးနိုင်သည့် ထူးခြားသောအောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။

ဤအောင်မြင်မှုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်ကြသူများ၏ ဖွဲ့လုံ့လအသီးအပွင့်လည်း ဖြစ်ပါသည်။ မြန်မာ့ဆန်၏ အရည်အသွေးကို ပိုမိုမြှင့်တင်ခြင်း၊ နိုင်ငံတကာဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက်ခြင်းနှင့် တန်ဖိုးမြှင့်ဆန်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ခြင်းတို့မှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်ရေးတို့ကို ပိုမိုအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျောက်မျက်ရတနာအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၉

(၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ❍




## မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန် (World's Best Rice Award 2026) ဆုရရှိ

၁။ အမေရိကန်ပြည်ထောင်စုအခြေစိုက် International Commodity Institute, The Rice Trader အဖွဲ့အစည်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပသော International World Rice Conference 2026 တွင် နိုင်ငံတကာ ဆန်အမျိုးအစားများ ပါဝင်ပြသခဲ့ပြီး ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာ့ပေါ်ဆန်းဆန်သည် World's Best Rice Award ဆုချီးမြှင့်ခြင်းကို လက်ခံရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသော နိုင်ငံတကာဆန်စပါးညီလာခံနှင့် ဆန်အမျိုးအစားများပြပွဲနှင့် ယှဉ်ပြိုင်ပွဲတွင် မြန်မာ့ပေါ်ဆန်းသည်

စာမျက်နှာ ၅ သို့ ✪

## "မြန်မာ့လက်ဖက်ယဉ်ကျေးမှု"ကို လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဆက်လက်တင်သွင်းနိုင်ရေး ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထား

နေပြည်တော် အောက်တိုဘာ ၉

"မြန်မာ့လက်ဖက်ယဉ်ကျေးမှု"ကို ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်တွင် ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထားပြီး "ထမနဲယဉ်ကျေးမှုဓလေ့" နှင့် "လွန်းရာကျော်ကြိုးကြီးချိတ်"လုပ်ငန်းတို့ကို လာမည့်နှစ်များတွင် ယူနက်စကိုသို့လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဆက်လက်တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးမှ သိရသည်။

စာမျက်နှာ ၅ သို့ ❐

**ယုံကြည်လျှောက်လှမ်း လှမ်းတိုင်းတင့်၍ အောင်မြင်ခဲ့ပြီ မြန်မာ-မလေးရှားခရီးစဉ်**

ဆောင်းပါး စာမျက်နှာ » ၆

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၁၃

**ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင် ၁၀ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၅





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရတနာပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

○ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပကုန်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ငွေပေးချေမှုကို ပြည်ပ ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်း အတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပ ရတနာကုန်သည်များကအမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေသွားရမည် ဖြစ်ကြောင်း၊ ပုလဲအတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအချောထည် အတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးမှာ အမေရိကန် ဒေါ်လာ ၁၀၀၀ နှင့် ကျောက်စိမ်းအရိုင်း အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန် ဒေါ်လာ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၇၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲတို့ကိုပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကာ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်းနှင့် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ မြန်မာ့ပေါ်ဆန်းဆန်မှ

ယခုကဲ့သို့ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုကို ဖော်ဆောင်နိုင်ခဲ့ကြသည့် မြန်မာ့ဆန်စပါးကဏ္ဍမှ တောင်သူလယ်သမားများ၊ ဆန်စပါးထုတ်လုပ်သူများ၊ ဆန်စက် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို အထူးချီးကျူးဂုဏ်ပြုအပ်ပါသည်။

မြန်မာ့ပေါ်ဆန်းဆန်၏ ကမ္ဘာ့အဆင့်မီ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ကြပြီး မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ပိုမိုနေရာရရှိကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်အထောက်အကူပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ပြည်ထောင်စုဝန်ကြီး တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၉ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**ပြည်ထောင်စုဝန်ကြီး တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၀ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း အား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၁ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၅ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဒေါက်တာ မျိုးဝင်းအောင်
( ၂ ) ဦးဇောမျိုးမျိုး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၂ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

**ဒုတိယဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အောက်ပါ ဒုတိယဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်-

(၁) ဒေါက်တာ ဇော်မြင့် ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
(၂) ဒေါက်တာ အေးထွန်း ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် အား တာဝန်မှ အနားယူခွင့် ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ဟိုတယ်အခန်းယူမှု များပြားလျက်ရှိ

**ညောင်ဦး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူး၊ လေ့လာရေးလာရောက်မည့်သူများသည် သီတင်းကျွတ်ကာလ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံဒေသသို့ ဘုရားဖူးရန် ဟိုတယ်၊ မိုတယ်များတွင် ကြိုတင်ချိတ်ဆက် အခန်းယူမှုများ များပြားလျက်ရှိရာ အောက်တိုဘာ ၂၄ ရက်မှစတင်၍ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ ၈၈ လုံး ပြည့်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်ထံမှ သိရသည်။

သီတင်းကျွတ်ကာလ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ခရီးသွား ဘုရားဖူး၊ လေ့လာရေးလာရောက်သူများ နှစ်စဉ်နှစ်တိုင်း များပြားလျက်ရှိရာ သီတင်းကျွတ်ချိန် မိဘ၊ ဘိုးဘွားများ၊ ဆွေမျိုးမိတ်ဆွေများထံပြန်၍ ကန်တော့ကြရင်း ဘုရားဖူးလာရောက်ကြကြောင်း၊ ပုဂံဘုရားများ ဖူးမြော်ရန် ရည်ရွယ်ထားသူများသည် အောက်တိုဘာ ပထမပတ်တွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများသို့ အွန်လိုင်းမှတစ်ဆင့် ကြိုတင် ချိတ်ဆက်ထားကြသည်။

သီတင်းကျွတ်ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လေ့ရှိကြပြီး သီတင်းကျွတ်ရုံးပိတ်ရက်များတွင် တစ်ရက်လျှင် ဘုရားဖူးခရီးသွား တစ် သိန်းမှ တစ်သိန်းခွဲအထိ လာရောက်လေ့ရှိပြီး နေ့ချင်းပြန်ခရီး သွားများ ပိုမိုများပြားကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀
၀-၀-၀

## ဆိုးဆေးနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**အမရပူရ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာ အုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် လက်မှုရွာ(လက်ရက်ကန်း) ထူထောင်ဆောင်ရွက်မည့် သဘာဝဆိုးဆေး နည်းပညာသင်တန်းနှင့် ဓာတုဆိုးဆေး နည်းပညာသင်တန်းဖွင့် ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံရှိ ရွှေလွှန်းပျံခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အသေးစားစက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိုးဦးက စီမံကိန်းလုပ်ငန်းတာဝန်ကို စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးဥက္ကဋ္ဌ ဦးမျိုးသန့်ထံပေးအပ်ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးက သင်တန်းသုံးပစ္စည်းများအား လွှဲပြောင်းပေးအပ်ရာ သင်တန်းသူ တစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၁၄ ရက်အထိ ၁၀ ရက်ကြာ သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းသူ ၁၆ ဦး တက်ရောက်ကြောင်း သိရသည်။

**လဲ့လဲ့နိုင်(အမရပူရ)**

# ယုံကြည်လျှောက်လှမ်း လှမ်းတိုင်းတင့်၍ အောင်မြင်ခဲ့ပြီ မြန်မာ-မလေးရှားခရီးစဉ်

ကေဇက်ဟိန်း (PPIB)

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်ရဲ့ ဖိတ်ကြားချက်အရ နိုင်ငံတော်အကြီးအကဲဟာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ မလေးရှားနိုင်ငံသို့ တရားဝင် (Official Visit) ခရီးစဉ်ကို စတင်ခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်သမ္မတ တာဝန်ယူချိန်ကနေ ယနေ့ထိဆိုလျှင် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ဘယ်လာရုစ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့ကို သွားရောက်ခဲ့ပြီး ယနေ့မလေးရှားနိုင်ငံခရီးစဉ်ဟာ ပြည်ပခရီးစဉ် ကိုးနိုင်ငံမြောက် ဖြစ်ပါတယ်။ အာဆီယံဒေသတွင်းဆိုလျှင် ငါးနိုင်ငံမြောက် ပြည်ပခရီးစဉ်အဖြစ်လည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

ခုနစ်လနီးပါးခန့် နိုင်ငံတော်သမ္မတသက်တမ်းမှာ အာရှ၊ ဥရောပ၊ အရှေ့တောင်အာရှနိုင်ငံအချို့အထိ State Visit, Official Visit ခရီးစဉ်များကို သွားရောက်ခဲ့ရင်း နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများကို ကောင်းစွာဖော်ဆောင်နိုင်ခဲ့တာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံ့အရေးအတွက်ဆိုလျှင် ယုံကြည်စွာ မမိုတ်မသုန်လျှောက်လှမ်းနိုင်ခဲ့တဲ့ ခြေလှမ်းတိုင်းဟာ အောင်မြင်မှုများ ရရှိခဲ့တာကို ပြည်ပခရီးစဉ်များက သက်သေညွှန်းဆိုလျက်ရှိကြောင်း ကနဦးပြောပြလိုပါတယ်။

**မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံဆီသို့**

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြတဲ့ ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ တာဝန်ရှိသူတွေ လိုက်ပါလာခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့အတူ စာရေးသူလည်း ခရီးစဉ်မှာ လိုက်ပါခွင့်ရခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ နေပြည်တော်လေဆိပ်ကနေ နံနက်ပိုင်းမှာ စတင်ထွက်ခွာခဲ့ပါတယ်။ အဖြူရောင်တိမ်တိုက်များနှင့် ပြာလဲ့နေသော ကောင်းကင်ထက်မှာ အထူးလေယာဉ်ဟာ တည်ငြိမ်စွာပျံသန်းလို့နေပါပြီ။ လေယာဉ်မှန်ပြတင်းတံခါးက ငေးကြည့်မိတိုင်း တိမ်ဖွေးဖွေးတို့ကလည်း အဖြူရောင်တိမ်လိပ်ကော်ဇောတစ်ချပ် ခင်းကျင်းထားသည့်ပမာ တွေ့မြင်ရသဖြင့် စိတ်ထဲအလိုလို ကြည်နူးနေမိပါတယ်။ တိမ်တိုက်များကြားပျံသန်းရင်း ပါးလွှာတဲ့ တိမ်စိုင်များကြားက မလေးရှားနိုင်ငံ၏ နယ်နိမိတ်ပုံရိပ်များကို တစ်စတစ်စ မြင်တွေ့လာရပါပြီ။

ဒေသစံတော်ချိန် ၁၂ နာရီ ၃၀ မိနစ်ခန့်မှာတော့ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အောင်မြင်စွာရောက်ရှိခဲ့ပါတယ်။ လေဆိပ်ရောက်တဲ့အချိန်မှာတော့ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ် ဆရီ ဂျိုဟာရီ အဗ္ဗဒူလ်ဂါနီဦးဆောင်တဲ့ အစိုးရအဖွဲ့ဝင်တွေ၊ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနဲ့ တာဝန်ရှိသူတွေဟာ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြတာကိုလည်း တွေ့မြင်ရပါတယ်။

ကြိုဆိုနှုတ်ဆက်ရင်းမှာပဲ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံတော်အကြီးအကဲ လျှောက်လှမ်းရာ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်စီကနေ အလေးပြုပြီး ခရီးဦးကြိုပြုခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လေဆိပ်ကတစ်ဆင့် အထူးယာဉ်တန်းနဲ့ ကွာလာလမ်ပူမြို့ရဲ့ တည်းခိုရာနေရာဆီကို ခရီးဆက်ခဲ့ကြပြန်ပါတယ်။

**မလေးရှားနိုင်ငံသမိုင်းအကျဉ်းနှင့် မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ**

နိုင်ငံတော်အကြီးအကဲနဲ့အတူ ပြည်ပခရီးစဉ်တွေ လိုက်ပါခွင့်ရတိုင်း စာဖတ်သူများကို ခရီးစဉ်အတွေ့အကြုံတွေ မျှဝေပေးချင်တာ စာရေးသူရဲ့ စိတ်စေတနာပါ။ သွားခဲ့သမျှ ခရီးစဉ်တိုင်းမှာ မျှဝေပေးခဲ့သလို ယနေ့ မလေးရှားနိုင်ငံခရီးစဉ်မှာလည်း ခရီးသွားအတွေ့အကြုံလေးတွေကို မျှဝေပေးချင်ပါသေးတယ်။ ကနဦးအနေနဲ့ မလေးရှားနိုင်ငံရဲ့ သမိုင်းအကျဉ်းကို လေ့လာကြည့်ရအောင်ပါ။

မလေးရှားနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်ဖြင့် ပိုင်းခြားထားတဲ့ နယ်မြေနှစ်ခုရှိပါတယ်။ နယ်မြေနှစ်ခုရဲ့ ထိစပ်မှုများအနေနဲ့ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နဲ့ ကုန်း၊ ရေ နှစ်သွယ်ထိစပ်နေပြီး ဖိလစ်ပိုင်နိုင်ငံနဲ့ ပင်လယ်ပြင်နယ်နိမိတ်တို့ အသီးသီးထိစပ်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံရဲ့ မြို့တော်ကတော့ ကွာလာလမ်ပူမြို့ပဲ ဖြစ်ပါတယ်။

မလေးရှားနိုင်ငံအဖြစ် သတ်မှတ်ထားတဲ့ဒေသမှာ ကျောက်ခေတ်ကာလကတည်းက လူသားများ နေထိုင်ခဲ့ကြတာကို Lenggong နှင့် Niah ဂူတွေမှာ တွေ့ရှိခဲ့တဲ့ ရှေးဟောင်းသုတေသနအထောက်အထားများက ညွှန်းဆိုထားပါတယ်။ မလေးရှားနိုင်ငံဟာ ၁၉၅၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့တဲ့ အာဆီယံဒေသတွင်းက နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

နိုင်ငံရဲ့ဖွဲ့စည်းတည်ဆောက်ပုံအရ ပြည်နယ် ၁၃ ခု၊ ပြည်ထောင်စုနယ်မြေသုံးခုနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာကို တွေ့ရပါတယ်။ အုပ်ချုပ်ရေးအပိုင်းမှာတော့ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုပြီး အုပ်ချုပ်ရေးအဆင့်သုံးဆင့်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ တိုင်းနဲ့ ပြည်နယ် ၁၄ ခု၊ ပြည်ထောင်စုနယ်မြေတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းခြောက်ခုနဲ့ ဖွဲ့စည်းထားတာမို့ အုပ်ချုပ်ရေးအပိုင်းမှာ တူညီမှုတွေကိုလည်း တွေ့ရှိရပြန်ပါတယ်။

ဥပဒေပြုရေးကဏ္ဍမှာတော့ အောက်လွှတ်တော်၊ အထက်လွှတ်တော်ပါဝင်တဲ့ ပါလီမန်ကဆောင်ရွက်ပါတယ်။ တရားစီရင်ရေးမှာတော့ ပြည်ထောင်စုတရားရုံးဟာ အမြင့်ဆုံးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များအတွက် ပြည်နယ်အဆင့် ရှရီယာတရားရုံးများရှိကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါကတော့ ပထဝီအနေအထား၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံနဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများကို သိစေချင်တာမို့ အကျဉ်းချုံးလေး မျှဝေပေးတာဖြစ်ပါတယ်။ မြန်မာ-မလေးရှားနှစ်နိုင်ငံဆက်ဆံရေးသမိုင်းကို အကျဉ်းမျှ ဆက်လေ့လာကြရအောင်ပါ။

နှစ်နိုင်ငံဆက်ဆံရေးဟာ ကိုလိုနီခေတ်မတိုင်မီကတည်းက မြန်မာနဲ့မလေး ကျွန်းဆွယ်တို့ကြားမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုကို အခြေခံခဲ့ကြောင်း သမိုင်းများက ဖော်ညွှန်းပါတယ်။ ကျွန်းသစ်၊ ဟင်းခတ်အမွှေးအကြိုင်၊ ဒေသထွက်ကုန်များ အပြန်အလှန် ကူးသန်းရောင်းဝယ်ခဲ့ပါတယ်။ ရှေးကုန်သွယ်မှုတွေ၊ ရေကြောင်းသွားလာမှုတွေကတစ်ဆင့် ကုန်စည်စီးဆင်းမှု၊ ယဉ်ကျေးမှုစတဲ့ ဆက်စပ်မှုများကတစ်ဆင့် နှစ်နိုင်ငံအတွက် ခေတ်သစ်ဆက်ဆံရေးသမိုင်းကို အခြေခံခဲ့တယ်လို့ ကနဦးဆိုရမှာပါပဲ။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကိုတော့ ၁၉၅၈ ခုနှစ် မတ်လ ၁ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ စာရေးသူတို့နိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ မြန်မာ-မလေးရှားဆက်ဆံရေးဟာ ကောင်းမွန်ခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ကြုံတွေ့လာသမျှ အခြေအနေအရပ်ရပ်ကို ရင်ဆိုင်ကျော်လွှားရင်း နှစ်နိုင်ငံဆက်ဆံရေး အခွန့်ရှည်တည်တံ့ရေးကို မိတ်ဝတ်မပျက်တည်ဆောက်နိုင်ခဲ့တာ အတိတ်သမိုင်းကနေ မျက်မှောက်သမိုင်း၊ ဒီကတစ်ဆင့် ယနေ့နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်အထိပါပဲ။ အပြန်အလှန်ခရီးစဉ်သမိုင်းတွေကို ဆက်လေ့လာကြရအောင်ဗျာ။

နှစ်နိုင်ငံ အပြန်အလှန်ခရီးစဉ်များအရဆိုရင်တော့ မြန်မာနိုင်ငံကနေ မလေးရှားနိုင်ငံကို ၁၉၆၈ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရကာလ၊ ၁၉၉၆ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရကာလ၊ ၂၀၀၄ ခုနှစ် နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ခရီးစဉ်အနေနဲ့ ၂၀၁၃ ခုနှစ်မှာ နှစ်ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတခရီးစဉ်ဆိုပြီး ခုနစ်ကြိမ်မြောက်သွားလာခဲ့တာကို တွေ့ရှိရပါတယ်။ မလေးရှားနိုင်ငံအနေနဲ့ကတော့ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးအကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီး စတဲ့ ခရီးစဉ်ပေါင်း ရှစ်ခုကို တွေ့ရှိရပါတယ်။ ဒီအထဲမှာမှ လက်ရှိ နိုင်ငံတော်အကြီးအကဲအနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့စဉ်မှာ သုံးကြိမ်သွားရောက်ခဲ့ပါတယ်။ ယနေ့ နိုင်ငံတော်သမ္မတတာဝန်ယူစဉ် တစ်ကြိမ်နဲ့ဆိုလျှင် နိုင်ငံတော်အကြီးအကဲရဲ့ လေးကြိမ်မြောက် မလေးရှားနိုင်ငံနဲ့ ထိတွေ့ဆက်ဆံနိုင်ခြင်းလို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

တပ်မတော်နှစ်ရပ်ကြားမှာလည်း အာဆီယံမူဘောင်အောက်တစ်ခုမှာ ကျင်းပပြုလုပ်ကြတဲ့ စစ်ရေးဆိုင်ရာလေ့ကျင့်ရေးတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများရှိပါတယ်။ ဒါ့အပြင် တပ်မတော်နှစ်ရပ်အကြား အခြားသောဆက်ဆံရေးကောင်းများကိုလည်း တည်ဆောက်ထားလျက်ရှိပါတယ်။ နှစ်နိုင်ငံအကြား သဘောတူစာချုပ်ကိုးခု လက်မှတ်ရေးထိုးထားမှုတွေလည်း ရှိပါတယ်။

ဒီကဏ္ဍတွေကတော့ လေကြောင်းပျံသန်းမှုဆိုင်ရာ သဘောတူညီချက်၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်၊ စီးပွားရေးသိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုအာမခံချက် သဘောတူညီချက်၊ အခွန်နှစ်ထပ်ကောက်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် ဝင်ငွေအပေါ် အခွန်ကောက်ခံရာတွင် အခွန်ရှောင်တိမ်းမှု ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်ဥပဒေအကူအညီပေးရေးစာချုပ်၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ အာဆီယံနိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်အစီအစဉ်၊ မလေးရှားနှင့်မြန်မာ စီးပွားကုန်သည်ကြီးများအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ပဲ ဖြစ်ပါတယ်။ ကဲ ခရီးစဉ်အကြောင်းလေး ဆက်ကြရအောင်ဗျာ။

**ကွာလာလမ်ပူမြို့၏ မြင်ကွင်းများ**

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးယာဉ်တန်းနဲ့ ကွာလာလမ်ပူမြို့ဆီသို့ ဦးတည်ခဲ့ပါတယ်။ ခရီးဆက်ခဲ့ရာလမ်းတစ်လျှောက် ကွာလာလမ်ပူမြို့ရဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုများကို တွေ့မြင်ခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေစေရန်အတွက် ဆောက်လုပ်ထားတဲ့ မိုးမျှော်လမ်းများကိုလည်း တွေ့မြင်ခဲ့ရပြန်ပါတယ်။

စာမျက်နှာ ၇ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ အောက်တိုဘာ ၇ ရက်က တက်ရောက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

> တွေ့ဆုံမှုအသီးသီးရဲ့ရလဒ်တွေကို ကြည့်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုကို အရှိန်အဟုန်မြှင့်ရင်း ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့လည်း လမ်းခင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေ၊ အွန်လိုင်းလောင်းကစားတိုက်ဖျက်မှု လုပ်ငန်းစဉ်တွေကို ချပြခွင့်ရခဲ့တယ်။ ထူးခြားတာက မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ အွန်လိုင်းလောင်းကစားမှုတွေ ကျူးလွန်ရာနေရာများဟာ တိုင်းရင်းသားလက်နက်ကိုင်များနေရာဆိုပြီး တစ်ပါတည်း ချပြနိုင်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ပိုင်ဆိုင်ထားတဲ့ အချိန်အခါကောင်းမှာ နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက်နိုင်ငံရဲ့ပကတိအမှန်တရားတွေကို ချပြနိုင်ခဲ့တဲ့ စွမ်းရည်ကောင်းတစ်ခုပမာ မြင်တွေ့ရတာပဲဖြစ်

☆ စာမျက်နှာ ၆ မှ

လမ်းဘေးဘယ်ညာတစ်လျှောက်ကျယ်ပြောတဲ့ လွင်ပြင်ကြီးများကို တွေ့ရပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်များကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အထူးယာဉ်တန်းနဲ့ ခရီးဆက်ခဲ့ရင်း မှိုင်းပြာပြာမြင်ကွင်းများကြားက အထပ်မြင့်မိုးမျှော်အဆောက်အအုံကြီးများကို အဝေးကမြင်တွေ့နေရပါပြီ။ ကွာလာလမ်ပူမြို့ပြဧရိယာထဲ ရောက်လုနီးပြီဆိုတာကို စာရေးသူသတိပြုမိပါတယ်။ မကြာမီ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ကွာလာလမ်ပူမြို့ပြဧရိယာထဲကို ရောက်ရှိခဲ့ပါပြီ။



မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပစဉ်။

မြို့ပြဧရိယာထဲကို ရောက်ရှိတာနဲ့ မိုးမျှော်လမ်းတွေ၊ မိုးမျှော်တံတားတွေနဲ့ မြို့ပြရဲ့ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေးအတွက် စနစ်တကျ ခေတ်မီစွာ တည်ဆောက်ထားတာကို တွေ့မြင်ရပါတယ်။ ခရီးဆက်ရာ လမ်းဘေးဘယ်ညာတစ်လျှောက်မှာတော့ မြင့်မားတဲ့မိုးမျှော်အထပ်မြင့်အဆောက်အအုံကြီးများကိုလည်း များပြားစွာ တွေ့မြင်ရပါတယ်။ ကွာလာလမ်ပူမြို့ရဲ့ ခေတ်မီမှု၊ စနစ်ကျနမှုများကို စာရေးသူ ငြိမ်သက်စွာငေးမောလေ့လာနေမိပါသေးတယ်။ သည့်လိုနဲ့ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တည်းခိုရာနေရာကိုရောက်ရှိခဲ့ပါတယ်။

**"Jalan U – Thant"**

ခရီးစဉ်ရဲ့ ပထမနေ့မှာပဲ စာရေးသူတွေ့ခဲ့တဲ့ မြင်ကွင်းလေးတစ်ခုကို ဆက်လက်မျှဝေပေးချင်ပါသေးတယ်။ ဒါကတော့ မြန်မာသံရုံးသွားတဲ့ ခရီးလေးတစ်ခုမှာပါ။ အဲဒီမှာ လမ်းနာမည်တစ်ခုကို တွေ့လိုက်ရပါတယ်။ "Jalan U-Thant" ဆိုတာပဲဖြစ်ပါတယ်။ အဲဒါနဲ့ စိတ်ဝင်စားလို့ လေ့လာကြည့်လိုက်တော့ ကုလသမဂ္ဂရဲ့ သုံးဦးမြောက် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်တဲ့ မိမိတို့မြန်မာနိုင်ငံသား ဦးသန့်ကို ဂုဏ်ပြုပြီး မှည့်ခေါ်ထားတာလည်း ဖြစ်ပါတယ်။ မလေးရှားဘာသာစကားမှာ Jalan ဆိုတာ "လမ်း"လို့ အဓိပ္ပာယ်ရပါတယ်။ ဦးသန့်လမ်းဟာ သံရုံးအများစုအခြေစိုက်တဲ့ ကွာလာလမ်ပူမြို့ Ampang Hilir အရပ် ဦးသန့်ဥယျာဉ်ရပ်ကွက် "Taman U-Thant" အတွင်းမှာ ရှိပြီးတော့ ဦးသန့်လမ်းဟာ သမိုင်းဝင်တဲ့နေရာတစ်ခုအဖြစ် ယနေ့ထက်တိုင် ခေါ်ဝေါ်သုံးစွဲပြီး ရှိနေတာကိုလည်း စာရေးသူတွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံတကာသံရုံးတွေ၊ သံအမတ်ကြီးတွေရဲ့ နေအိမ်များတည်ရှိတဲ့ ဆိတ်ငြိမ်အေးချမ်းတဲ့ ရပ်ကွက်တစ်ခုအဖြစ် တွေ့မြင်ရပါတယ်။ သစ်ပင်ကြီးတွေ အုံ့ဆိုင်းပြီး သီးသန့်ဆန်တဲ့ အဆင့်မြင့်အဆောက်အအုံများ တည်ရှိရာနေရာလည်းဖြစ်ပါတယ်။ မိုးလေးတဖွဲဖွဲ ရွာနေရင်း ဖြတ်သန်းခဲ့ရတဲ့ ဦးသန့်လမ်းရှိရာ ရပ်ကွက်လေးဟာ ဆိတ်ငြိမ်ပြီး အေးချမ်းမှုအပြည့်အဝနဲ့ ထုံမွမ်းထားပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာဟာ ၎င်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များအပြင် ကမ္ဘာ့အကျိုးစီးပွားအတွက် တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံသားများရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်မှုများမှလည်း ပေါ်ထွန်းလာကြောင်း ဦးသန့်ရဲ့ ဘဝဖြတ်သန်းမှုက သက်သေပြလျက်ရှိပါတယ်။ မြန်မာနိုင်ငံသား ဦးသန့် သို့တည်းမဟုတ် အာရှသားတစ်ဦးအဖြစ် ကမ္ဘာ့သံတမန်ရေးရာရဲ့ အရေးကြီးနေရာတစ်ခုမှာ တာဝန်ထမ်းဆောင်ရပ်တည်နိုင်ခဲ့တဲ့ ဦးသန့်ကို ဂုဏ်ပြုတဲ့အနေနဲ့ မလေးရှားအစိုးရက ဂုဏ်ပြုပြီး တရားဝင်မှည့်ခေါ်ခဲ့ကြတာလည်းဖြစ်ပါတယ်။ အခြားသော နိုင်ငံအချို့မှာလည်း ဦးသန့်နဲ့ပတ်သက်တဲ့ အမှတ်တရနေရာတွေရှိနေသေးကြောင်း စာရေးသူလေ့လာသိရှိခဲ့ရပါတယ်။ ဒီလိုအမှတ်တရနေရာများဟာ သမိုင်းအဆက်ဆက်မှာ မြန်မာနိုင်ငံအတွက်သာမက အာရှတစ်ခွင်လုံးအတွက်ပါ ဂုဏ်ယူဖွယ်သမိုင်းဝင်အမှတ်အသားအဖြစ် ကမ္ဘာ့သဖွယ်တည်ရှိနေဦးမှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နှစ်ရက်တာခရီးစဉ်ရဲ့ လုပ်ဆောင်ချက်တွေကို ဆက်လက်လေ့လာကြရအောင်ပါ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပစဉ်။

**နိုင်ငံတော်အကြီးအကဲ၏ တွေ့ဆုံပွဲများနှင့် ကဏ္ဍစုံဆွေးနွေးချက်များမှ မြင်ကွင်းများ**

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို တက်ရောက်ခြင်း၊ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအားတွေ့ဆုံ အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ အောက်တိုဘာလ ၈ ရက်နေ့မှာတော့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်နှင့်တွေ့ဆုံခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (Malaysia-Myanmar Cooperation Dialogue)သို့ တက်ရောက်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

တွေ့ဆုံမှုအသီးသီးရဲ့ ရလဒ်တွေကို ကြည့်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုကို အရှိန်အဟုန်မြှင့်ရင်း ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့လည်း လမ်းခင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေ၊ အွန်လိုင်းလောင်းကစားတိုက်ဖျက်မှု လုပ်ငန်းစဉ်တွေကို ချပြခွင့်ရခဲ့တယ်။ ထူးခြားတာက မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ အွန်လိုင်းလောင်းကစားမှုတွေ ကျူးလွန်ရာနေရာများဟာ တိုင်းရင်းသားလက်နက်ကိုင်များ နေရာဆိုပြီး တစ်ပါတည်းချပြနိုင်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ပိုင်ဆိုင်ထားတဲ့ အချိန်အခါကောင်းမှာ နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက်၊ နိုင်ငံရဲ့ပကတိအမှန်တရားတွေကို ချပြနိုင်ခဲ့တဲ့ စွမ်းရည်ကောင်းတစ်ခုပမာ မြင်တွေ့ရတာပဲဖြစ်ပါတယ်။

မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ဆန့်ကျင်ဘက်နေရာစုံက တစ်ဖက်သတ်မြင်နေရတဲ့ မြန်မာနိုင်ငံရဲ့အခြေအနေအမှားတွေနေရာမှာလည်း မြန်မာနိုင်ငံရဲ့ ပကတိတရားဥပဒေစိုးမိုးမှုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအပေါ် ကာကွယ်ပေးနိုင်မှုတွေကိုလည်း လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ခဲ့ပါသေးတယ်။ မျက်မြင်လာကြည့်ပြီး ပကတိအမြင်နဲ့ ပူးပေါင်းနိုင်မှုကို လက်တွေ့ကျကျ ဆောင်ရွက်ဖို့ လမ်းဖွင့်ပေးခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် မလေးရှားနိုင်ငံမှာ ပညာသင်ကြားနေကြတဲ့ မြန်မာနိုင်ငံသားများ၊ မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများကိုလည်း နှစ်နိုင်ငံအကြား ဆက်ဆံမှုအပါအဝင် ဘက်ပေါင်းစုံ ကထောက်ရှုပြီး အကာအကွယ်ပေးဖို့ တိတိပပ ပြောကြားနိုင်ခဲ့ပါတယ်။

ဒီခရီးစဉ်မှာ အထူးခြားဆုံးကတော့ ယခုလို မလေးရှားနိုင်ငံရဲ့ ဖိတ်ကြားချက်အပေါ် လက်တွေ့ကျတဲ့ (Official Visit)နဲ့ သက်သေပြနိုင်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကို သူတို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာရှိကြောင်း ထပ်ကာထပ်ကာပြောဆိုခဲ့ခြင်းဟာ မလေးရှားနိုင်ငံရဲ့ မိမိတို့နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးအပေါ်ထားရှိတဲ့ သဘောထားကို တစ်နည်းတစ်ဖုံဖော်ညွှန်းနေတာလည်း ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ နှစ်ရက်တာ မလေးရှားနိုင်ငံခရီးစဉ်ဟာ အခြားသောခရီးစဉ်များနည်းတူ အောင်မြင်ခဲ့တဲ့ ခရီးစဉ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ဆိုရလျှင် အာဆီယံဒေသတွင်း ထက်ဝက်ခန့်မှာ အောင်လံစိုက်ထူနိုင်ခဲ့ခြင်းအဖြစ်လည်း တွေ့မြင်ရမှာပဲဖြစ်ပါတယ်။

**မလေးရှားနိုင်ငံမှသည် မြန်မာနိုင်ငံဆီသို့**

နှစ်ရက်တာခရီးစဉ်ဟာ ပြီးမြောက်အောင်မြင်ခဲ့ပါပြီ။ ကြည်လင်ရှင်းသန့်တဲ့ ကွာလာလမ်ပူမြို့ရဲ့ ရာသီသဘာဝကလည်း ခရီးစဉ်အောင်မြင်မှုကို ပံ့ပိုးဖော်ညွှန်းထားသလိုပါပဲ။ ခင်းကျင်းထားသည့် ကော်ဇောနီလျှောက်လမ်းထက်မှာ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တည်ငြိမ်စွာ လျှောက်လှမ်းရင်း အထူးလေယာဉ်ဆီသို့ ဦးတည်လို့နေပါပြီ။ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲကို နှုတ်ဆက်ဂုဏ်ပြုကြသလို နိုင်ငံတော်အကြီးအကဲကလည်း ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ပါတယ်။ အပြုံးကိုယ်စီက ခရီးစဉ်ကို သက်သေတည်လျက်ရှိပါတယ်။

မလေးရှားဂုဏ်ပြုတပ်ဖွဲ့က အလေးပြုနှုတ်ဆက်လို့ နေပါသေးတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ တည်ငြိမ်သောလျှောက်လှမ်းမှု၊ မျက်နှာပြင်ပေါ်က အပြုံးများဟာ ယုံကြည်မှု၊ အောင်မြင်မှုနဲ့ နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်မှုတို့အပေါ် ဂုဏ်ယူလျက်ရှိနေမယ်ဆိုတာကိုလည်း စာရေးသူ အမှတ်မထင် ခံစားမိခဲ့ပါသေးတယ်။ ဒီလိုနဲ့ အထူးလေယာဉ်ဟာ ကွာလာလမ်ပူမြို့ကို နှုတ်ဆက်ရင်း အမိမြန်မာပြည်သို့ ဦးတည်ပျံသန်းခဲ့ပါပြီ။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ ညနေပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံ နေပြည်တော်လေဆိပ်ကို ပြန်လည်ရောက်ရှိခဲ့ပါတော့တယ်။ နေပြည်တော်လေဆိပ်မှာလည်း ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်တဲ့ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနဲ့ သံရုံးမှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပါတယ်။

မည်သို့သော အခြေအနေ၊ အချိုးအကွေ့များကြုံတွေ့ရပါစေ နှစ်နိုင်ငံဟာ မိမိနိုင်ငံဖွဲ့စည်းပုံဥပဒေကိုယ်စီ၊ မိမိအချုပ်အခြာအာဏာကိုယ်စီနဲ့ နိုင်ငံအတွင်း ပြဋ္ဌာန်းထားတဲ့ ဥပဒေကိုယ်စီ၊ နိုင်ငံခြားရေးမူဝါဒကိုယ်စီကို မဏ္ဍိုင်ပြုရင်း နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းကျောင်းလျှောက်လှမ်းနေသလို အာဆီယံမျက်နှာစာထိတိုင် ပူးပေါင်းလျှောက်လှမ်းနေကြရဦးမှာပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုပါစေ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းကျစ်လျစ်တဲ့ အင်အားစုတစ်ရပ်ဟာ ပြည်သူလူထုနဲ့လက်တွဲပြီး နိုင်ငံ့အကျိုးအတွက် အရှိန်အဟုန်နဲ့ ကြိုးပမ်းနေဦးမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက်ဆိုလျှင် လျှောက်ရမည့်လမ်းတိုင်းကို ယုံကြည်မှုအပြည့်နဲ့ ဆက်လက်လျှောက်လှမ်းနေဦးမှာပါ။ ဖိတ်ခေါ်ခဲ့တဲ့ ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် ကောင်းကျိုးများစွာကို စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း **"ယုံကြည်လျှောက်လှမ်းလှမ်းတိုင်းတင့်၍ အောင်မြင်ခဲ့ပြီ မြန်မာ-မလေးရှား ခရီးစဉ်"**ဆိုတဲ့ စာလွှာမှတစ်ဆင့် ကမ္ပည်းတင်လို့ ခြယ်မှုန်းလိုက်ရပါတယ်ဗျာ။ ။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပ

## မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် လူမှုရေး ခက်ခဲသည့်မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများ ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရေး၊ မြို့ကွက်သစ်ဧရိယာအဖြစ် သတ်မှတ်ပေး ရေး၊ ကျေးရွာအမည် ပေါက်ရရှိရေး၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းခန့်ထားပေးရေး၊ လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်း လုပ်ငန်းစဉ် ဖြေလျှော့ပေးရေး၊ လယ်ယာမြေများ၌ ပိုးမွှားအန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ပေးရေး၊ အခွန်လျှော့ချရေး၊ စိုက်ပျိုးစရိတ်ချေးငွေအတွက် အထူးစီမံချက်များ ချမှတ်ရေးနှင့် အခွန်အခြေခံကျယ်ပြန့်လာစေရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးဇုန်များ တည်ထောင်ပေးရေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံ၊ ထွက်ကုန်များ အသိအမှတ်ပြု လက်မှတ်ရရှိရေး၊ ဈေးကွက်တင်ပို့မှုများကို ကူညီပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **လူမှုရေးခက်ခဲသည့် မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစာနှင့်ညီမျှသည့်ဒေသစရိတ်ကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ခံစားခွင့်ပြုမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ဆောင်ရွက်နိုင်ရန် အတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသသတ်မှတ်ရေးကော်မတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိဒေသ စရိတ်ခံစားခွင့်ပြုထားသည့် မြို့နယ်/မြို့များ၊ ဒေသစရိတ်ခံစားခွင့်ပြုရန် ထပ်မံတင်ပြသင့်သည့် မြို့နယ်/မြို့များနှင့် ကျေးရွာအုပ်စုများစာရင်းကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဆက်သွယ်ရေးစနစ် ခက်ခဲမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစနစ် ဖွံ့ဖြိုးမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်မှု၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှု၊ ရာသီဥတုအခြေအနေ၊ လူမှုပတ်ဝန်းကျင်ခက်ခဲမှုနှင့် စက်သုံးဆီဖြန့်ဖြူးပေးနိုင်မှု အခြေအနေ စသည့်အချက်များနှင့်အညီ စိစစ်သုံးသပ်ထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသောဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ် အပါအဝင် ကျန်မြို့နယ်များ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုနှင့် လူမှုစီးပွား အခြေအနေတို့ကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် စိစစ်ရေးကော်မတီများအား အခြေခံအချက်(၁၁)ချက်နှင့်အညီ စိစစ်တင်ပြစေခြင်း၊ ရရှိလာသည့် အချက်အလက်များကို သုံးသပ်ဆွေးနွေးခြင်း၊ ဒေသစရိတ် ခံစားခွင့်ရှိသည့် ဒေသများကိုလိုအပ်သလိုတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် လက်ရှိလစာနှင့် ညီမျှသည့်ငွေကို ဒေသစရိတ်အဖြစ် ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မြင်းမူမြို့နယ်၊ မြို့မရဲစခန်းဝင်းအတွင်း ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြင်းမူမြို့မရဲစခန်းဝင်းအတွင်း၌ ၃၈x၂၅x၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းလုံးချင်းနေအိမ် ၅ လုံး၊ ၂၈x၂၂x၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းလုံးချင်းနေအိမ် ၃ လုံး၊ ၃၅x၂၆x၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အရာရှိလုံးချင်းနေအိမ် ၁ လုံး၊ ၄၂x၁၆x ၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ခန်းတွဲတစ်ထပ်နေအိမ် ၁၂ လုံး၊ ၄၀x၁၉x၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ခန်းတွဲတစ်ထပ်နေအိမ် ၁ လုံး စုစုပေါင်း ၂၂ လုံးရှိပါကြောင်း၊ ယင်းနေအိမ်များအနက် ၄၂x၁၆x၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ခန်းတွဲတစ်ထပ်နေအိမ် ၃ လုံးမှာ ဆွေးမြည့်ပျက်စီးနေသဖြင့် ဖျက်သိမ်းခွင့်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြင်းမူမြို့မရဲစခန်းဝင်းအတွင်း တပ်ဖွဲ့ဝင်နှင့် မိသားစုများနေထိုင်ရေး အဆင်ပြေစေရန်အတွက် ၁၃၀x၃၆x၂၅ ပေ ၆ ခန်းတွဲနှစ်ထပ်သံကူကွန်ကရစ် ၁ လုံး ဆောက်လုပ်နိုင်ရေးအတွက် မြင်းမူမြို့နယ်တွင် ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများကြောင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ ဆောက်လုပ်ရန် အခက်အခဲရှိပါသဖြင့် လုံခြုံရေးအခြေအနေ ကောင်းမွန်မှသာ နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ် မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့၊ ဥယျာဉ်ခြံမြေ ၃၈၅ ဧကအား မြို့ကွက်သစ်ဧရိယာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကော့ကရိတ်မြို့ မြို့ပေါ်ရပ်ကွက် ၇ ရပ်ကွက်သည် ဧရိယာအကျယ်အဝန်း ဧက ၈၄၀ ရှိပြီး မြို့မြေဧရိယာ ၄၅၃ ဧကနှင့် ဥယျာဉ်ခြံမြေဧရိယာ ၃၈၅ ဧက ရှိပါကြောင်း၊ ဥယျာဉ်ခြံမြေ ဧရိယာ ၃၈၅ ဧကတွင် နေအိမ်များ ဆောက်လုပ်နေထိုင်လျက်ရှိပြီး ရပ်ကွက်အလိုက် ဆောက်လုပ်နေထိုင်မှု အခြေအနေမှာ အမှတ်(၁)ရပ်ကွက်တွင် ၅၈ ဧက၊ အမှတ်(၂)ရပ်ကွက်တွင် ၃၁ ဧက၊ အမှတ်(၃)ရပ်ကွက်တွင် ၁၅ ဧက၊ အမှတ်(၄)ရပ်ကွက် တွင် ၃၁ ဧက၊ အမှတ် (၅)ရပ်ကွက်တွင် ၈၈ ဧက၊ အမှတ်(၆)ရပ်ကွက်တွင် ၅၃ ဧကနှင့် အမှတ်(၇) ရပ်ကွက်တွင် ၁၀၉ ဧက ဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကော့ကရိတ်မြို့ ပြန်လည် ထူထောင်ရေးလုပ်ငန်းအတွက် မီးလောင်ဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများ၏ နေအိမ်များ ဆောက်လုပ်ရန်၊ မူလပိုင်ဆိုင်သော မြေအမျိုးအစားများမှ ဥယျာဉ်ခြံမြေများဖြစ်သည့်ဧရိယာ ၃၈၅ ဧကအား မြို့ကွက်သစ်ဧရိယာအဖြစ် တိုင်းတာသတ်မှတ်ပေးနိုင်ရန် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ကရင်ပြည်နယ်အစိုးရအဖွဲ့က လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေး ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ခွင့်ပြုချက်ရရှိပါက ၂၀၁၉ ခုနှစ်၊ နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေနှင့်အညီ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေတွင် လျာထားထည့်သွင်း၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည် မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့နယ်၊ ကျွဲကျနှင့် ထိန်ကန်ကြီး ကျေးရွာတို့အား ဝန်ကြီးဌာန အမည်ပေါက် ကျေးရွာအဖြစ် တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအုပ်စုအတွင်းရှိ ကျွဲကျကျေးရွာနှင့် ထိန်ကန်ကြီးကျေးရွာများအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမဇိုးလောင်ဝီး၏ **လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၉ ရွာအား ဝန်ကြီးဌာန အမည်ပေါက်ကျေးရွာအဖြစ်ရရှိနိုင်ရေး သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီးဗိုလ်ချုပ်မင်းသူက စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်တွင် မြို့ ၂ မြို့၊ ရပ်ကွက် ၅ ခု၊ ကျေးရွာအုပ်စု ၃၆ စုနှင့် ကျေးရွာပေါင်း ၉၇ ရွာ ရှိပါကြောင်း၊ လဟယ်မြို့နယ် အတွင်း၌ တရားဝင်ကျေးရွာအဖြစ် သတ်မှတ်ခြင်းမခံရသေးသော ကျေးရွာ ၉ ရွာရှိပါကြောင်း။

ပြည်ထဲရေး ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါကျေးရွာ ၉ ရွာသည် လဟယ်မြို့မှ မိုင်(၅၀) ခန့်အကွာရှိ မြန်မာ - အိန္ဒိယ နယ်စပ်အနီးတွင် တည်ရှိကာ တောရိုင်းမြေပေါ်တွင် အခြေချနေထိုင်လျက်ရှိသည့် ကျေးရွာများဖြစ်သည့်အပြင် တောင်ပေါ်ဒေသတွင် နေထိုင်သည့်ကျေးရွာများ ဖြစ်ပါသဖြင့် တောတောင် အတက်အဆင်းပေါများခြင်း၊ ဆိုင်ကယ်/ခြေကျင်ခရီးဖြင့် သွားလာနိုင်သည့် သွားလာရခက်ခဲသော ကျေးရွာများဖြစ်ခြင်းတို့ကြောင့် လက်ရှိကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာအဖြစ် ဆောင်ရွက်ရခြင်း မရှိသေးသော်လည်း ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒဖြင့် တင်ပြလာပါက အထက်ဌာနအဆင့်အဆင့်သို့ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့၊ ပယ်ဖျက်၊ အမည်ပြောင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း နယ်မြေဒေသ အခြေအနေအရ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်းစိစစ်၍ မြေရာဇဝင် စိစစ်ချက်များဖြင့် နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိရေး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ထောက်ခံတင်ပြဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံး မဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **ထားဝယ်မြို့နယ်၊ ဒေသဆိုင်ရာ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲကျွမ်းကျင် ဝန်ထမ်း ခန့်ထားပေးရန်နှင့် ဓာတ်ခွဲခန်း ဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ရောဂါရှာဖွေရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံ စိတ်ချစေရန်အတွက် စစ်ဆေးရှာဖွေနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ် (နေပြည်တော်၊ ကရင်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း) တို့တွင် ရည်ညွှန်းဓာတ်ခွဲခန်း ၂ ခု၊ မီနီဓာတ်ခွဲခန်း ၅ ခု၊ ဒေသဆိုင်ရာ ဓာတ်ခွဲခန်း ၂ ခု၊ တိရစ္ဆာန်ရောဂါ ထိန်းချုပ် စောင့်ကြည့်စစ်ဆေးရေးဓာတ်ခွဲခန်း ၇ ခု၊ ခွာနာလျှာနာရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်း (BSL-2) ၁ ခု၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း (Assay Lab) ၁ ခု ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထားဝယ်ဓာတ်ခွဲခန်း အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဓာတ်ခွဲခန်းများမှာ ပြည်ထောင်စု ဖွဲ့စည်းပုံ၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် လည်ပတ် ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်ဓာတ်ခွဲခန်းတွင် ဒုတိယလက်ထောက် ကြီးကြပ်ရေးမှူးနှင့်အဆင့်အတူ ဓာတ်ခွဲခန်းကျွမ်းကျင် ဝန်ထမ်း ၁ ဦး ခန့်အပ်ထားရှိပြီး လက်ရှိလုံလောက်မှုရှိသဖြင့် ဒေသတွင်း တိရစ္ဆာန်ရောဂါ ရှာဖွေစစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **လယ်ယာမြေပုံစံ (၇) အမည်ပြောင်းခြင်းလုပ်ငန်းစဉ် ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်** စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကွယ်လွန်သွားသည့် မူလပိုင်ရှင်၏ အမွေဆက်ခံသားသမီးများ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူရရှိနိုင်ရေး အတွက်

**စာမျက်နှာ ၉ သို့**

### ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၉ ရက်ထုတ် **မန္တလေး**သတင်းစာ စာမျက်နှာ ၈ ကော်လံ ၃ ဒုတိယပိုဒ် စာကြောင်းရေ ၆ ပါ ၁၄၀၀ ကျော်ကို မြန်မာ့တပ်မတော် ရေယာဉ်သင်္ဘောနဲ့ ပြန်ခေါ်သွားပြီ ဖြစ်ပါတယ် (အစား) ၁၀၄၉၃ ဦးကို လေယာဉ်၊ တပ်မတော်ရေယာဉ်တို့နဲ့ ပြန်ခေါ်သွားပြီ ဖြစ်ပါတယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ စာတည်း

◎ စာမျက်နှာ ၈ မှ

လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်း (ပုံစံ-၉)ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အား အမွေဆက်ခံခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ အမည်ပြောင်းလဲပေးနိုင်ရေး တင်ပြလျှောက်ထားရာတွင် အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာ စီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှ အမွေဆက်ခံခွင့် လက်မှတ်ရရှိရေး လျှောက်ထားရယူ ဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခွင့် လက်မှတ်မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ် မြေစာရင်းဦးစီးဌာနရုံးမှ ရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) (ရုံးလက်ခံ) တို့နှင့်တိုက်ဆိုင်စစ်ဆေးပြီး (၁၅) ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ(၂-ဂ)ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

ရက်ပေါင်း(၃၀)ပြည့်ပြီးနောက် ကန့်ကွက်လွှာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ (၇)ရက်အတွင်း သဘောထား မှတ်ချက်နှင့်အတူ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲ ဆောင်ရွက်ရန် အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန် ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ(၈-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းတို့ကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အမည်ပြောင်းလဲဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် (၁၅) ရက်အတွင်း ဦးပိုင်လုပ်ကွက် (၁)ခုအတွက် မှတ်ပုံတင်ကြေးငွေကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ပြောင်းလဲပြင်ဆင် ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

တောင်သူ လယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးအတွက် အသိပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ် လယ်ယာမြေများ၌ ခရအန္တရာယ်မှ လွတ်မြောက်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် တာဝန်ပေးခန့်အပ်ထားသည့် သီးနှံကာကွယ်ရေးကျွမ်းကျင်ပညာရှင်များပူးပေါင်းပြီး ရွှေခရအပါအဝင် စပါးသီးနှံတွင် ကျရောက်လေ့ရှိသည့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်းနှင့် သုံးစွဲသင့်သည့် ဆေးအမျိုးအစားများကို အကြံပြုချက်များပေးပြီး ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းစနစ်များ စာတွေ့လက်တွေ့ သင်ကြားပြသခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း ကျန်ရှိသည့် မိုးစပါးရာသီ သက်တမ်းတစ်လျှောက်တွင် ရွှေခရကြိုတင်ကာကွယ်နှိမ်နင်းရေး အသံဖိုင်ဖြင့် နှိုးဆော်သတိပေးခြင်း လုပ်ငန်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အသံဖိုင်များ ဖြန့်ဝေဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေခရ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများအား တောင်သူများ စုပေါင်းပြီး လက်တွေ့လိုက်နာကျင့်သုံးလုပ်ဆောင်ခြင်းဖြင့် စပါးသီးနှံတွင် ရွှေခရကျရောက် ဖျက်ဆီးမှု လျော့ပါးသက်သာစေမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် အမည်ပြောင်းရာတွင် အခွန်လျှော့ချရေး၊ စိုက်ပျိုးစရိတ် ချေးငွေအတွက် အထူးစီမံချက်များ ချမှတ်ရေးနှင့် အခွန်အခြေခံ ကျယ်ပြန့်လာစေရေးအစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပါပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ပိုင်ခွင့်အမည်ပြောင်းလဲခြင်းကိစ္စနှင့် သက်ဆိုင်သည့် တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခနှုန်းထားများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြဋ္ဌာန်းသတ်မှတ်ထားရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခနှုန်းထားများ အတိုင်းသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အမွေဆက်ခံခြင်း၊ အဖိုးစားနားမပါဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ မိသားစုအတွင်း လွှဲပြောင်းခြင်း စသည့်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဝင်ငွေခွန်စည်းကြပ် ကောက်ခံခြင်း မပြုဘဲ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် ပြုလုပ်ချုပ်ဆိုကြမည့် စာချုပ်စာတမ်းများ အပေါ်တွင်သာ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ပေးသွင်းထမ်းဆောင်စေလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ငဖဲမဲဆန္ဒနယ်မှ ဦးမိုးမင်းဦး၏ **"ဓာတုကင်းလွတ် စိုက်ပျိုးရေးဇုန်များ" တည်ထောင်ပေးရန်နှင့် နည်းပညာများ သင်တန်းပေးရန်၊ အခြေခံအဆောက်အအုံများ ပံ့ပိုးပေးရန်၊ ထွက်ကုန်များအတွက် အသိအမှတ်ပြု လက်မှတ်များရရှိရန်နှင့် ဈေးကွက်တင်ပို့နိုင်ရန်တို့အား ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဓာတုကင်းလွတ် စိုက်ပျိုးရေးဇုန်များ စနစ်တကျ တည်ထောင်ပေးရန် ကိစ္စနှင့် စပ်လျဉ်းပြီး ဆန္ဒအလျောက် တောင်သူများအစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်လိုမှုအပေါ် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် အသိအမှတ်ပြု လက်မှတ်များ လွယ်ကူ လျင်မြန်စွာရရှိရေး ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေကြသည့် တောင်သူများအား အော်ဂဲနစ် စိုက်ပျိုးရေးနည်းပညာ ဖြန့်ဖြူးမှုအနေဖြင့် အော်ဂဲနစ်မြေဩဇာများ၊ သဘာဝသွင်းအားစုများ၊ သဘာဝပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ၊ တီကောင်မွေးမြူခြင်း အစရှိသည့် ပညာရပ်ဆိုင်ရာ သုတေသန လုပ်ငန်းများအား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနဌာနတို့၌ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး အော်ဂဲနစ် စိုက်ပျိုးသူများနှင့် အများပြည်သူများအား နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ အော်ဂဲနစ် ထောက်ခံချက် လက်မှတ် ထုတ်ပေးသည့် ပုဂ္ဂလိကအဖွဲ့ (၄) ဖွဲ့ရှိပြီး IFOAM နှင့် USDA ကဲ့သို့သော နိုင်ငံတကာ အော်ဂဲနစ် ထောက်ခံချက် လက်မှတ်များကို လျှောက်ထားရယူလိုပါက တောင်သူများအနေဖြင့် Control Union ကဲ့သို့သော ကုမ္ပဏီများမှ တစ်ဆင့် ရရှိနိုင်ရေးအတွက် လိုအပ်သည့် ချိတ်ဆက်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်များအပါအဝင် မြန်မာ့ထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံ ၁၂ နိုင်ငံတွင် စီးပွားရေးသံမှူး ၁၇ ဦးအား စေလွှတ်ထားရှိပြီး ချိတ်ဆက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင် မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စိုက်စရိတ်ချေးငွေများ စိုက်ချိန်မီ ထုတ်ချေးရန်၊ သွင်းအားစုများအား အခွန်လျှော့ပေးရန်၊ စပါးများအား ပြည်တွင်း၌ လွတ်လပ်စွာရောင်းချနိုင်ရန်နှင့် ပြည်ပဈေးကွက်ရရှိရန်၊ အတိုးနှုန်းသက်သာသော နှစ်ရှည်ဘဏ်ချေးငွေ ဆောင်ရွက်ပေးရန်၊ Export zone(သို့) ဆန်စပါး အထူးဇုန်များ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်သည် နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားစုတွင် အဓိကအရေးပါသည့် စိုက်ပျိုးထုတ်ကုန် တိုးတက်ဖွံ့ဖြိုးရေးအတွက် တောင်သူလယ်သမား လိုအပ်သည့် နှစ်စဉ်ရာသီအလိုက် (မိုး၊ ဆောင်း၊ မိုးကြို) စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေး ချေးငွေများကို နိုင်ငံတော်၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသော အတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက် ရှိပါကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကို ယခင်နှစ်များက မေလ ၁၉ ရက်နေ့ ဝန်းကျင်ခန့်တွင် စတင် ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် မေလ ၁၂ ရက်နေ့မှစ၍ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ စပါး၊ ဆန်၊ ဂျုံစေ့၊ ဖွဲကြမ်း စသည့် ကုန်စည်များ၊ ပဲအမျိုးမျိုး၊ ပြောင်း အမျိုးမျိုး စသည့်ကုန်စည်များ၊ ကြက်သွန်၊ အာလူး၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင် စသည့် ကုန်စည်များ၊ ဟင်းသီးဟင်းရွက်များ၊ လက်ဖက်ခြောက်နှင့် ဆီ အမျိုးမျိုး စသည့်ကုန်စည်များ၊ မြေဆီနှင့်ဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ ရောဂါပိုးသတ်ဆေးအမျိုးမျိုး စသည့်ကုန်စည်များ၊ အပင်မျိုးစေ့၊ မျိုးပင်စသည့် ကုန်စည်များ၊လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် စက်အပိုပစ္စည်းများ စသည့် ကုန်စည် အမျိုးမျိုးတို့ကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်း၊ အခွန်လျှော့ပေါ့ခြင်း (သို့မဟုတ်) အခွန်လုံးဝလျှော့ချခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူနိုင်ရန် ချေးငွေ သက်တမ်း (၁) နှစ်နှင့် ချေးငွေ ပမာဏ ငွေကျပ်သိန်း ၁၀၀ မှ ငွေကျပ်သိန်း ၅၀၀ အထိကို နှစ်ချင်းဆပ်ချေးငွေအဖြစ်လည်းကောင်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၁ မှ ငွေကျပ်သိန်း ၁၀၀၀ အထိကို နှစ်တိုချေးငွေအဖြစ် လည်းကောင်း၊ ငွေကျပ်သိန်း ၁၀၀၁ မှ ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ငွေကျပ်သိန်း ၃၀၀၁ မှ ငွေကျပ်သိန်း ၅၀၀၀ အထိ တစ်ကဏ္ဍကို နှစ်ရှည်ချေးငွေ အဖြစ်လည်းကောင်း အရစ်ကျ ပေးဆပ်မှုစနစ်ဖြင့် ထုတ်ချေး ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ပြီး ငွေကျပ် ၂၃၀ ဘီလီယံဖြင့် နွေစပါး၊ မိုးစပါးသီးနှံ များတွင်လည်းကောင်း၊ ငွေကျပ် ၅၆ ဒသမ ၃၁ ဘီလီယံဖြင့် ဆီထွက် သီးနှ (မြေပဲ၊ နှမ်း၊ နေကြာ) သီးနှံများတွင် လည်းကောင်း အရင်းမပျောက် မတည်ငွေပုံစံဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်နေပါကြောင်း၊ တောင်သူများ ဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝ မြှင့်တင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များ အရေအတွက် အမြောက်အမြား စဉ်ဆက်မပြတ် ဈေးကွက်တင်ပို့ ရောင်းချနိုင်ရေး ရည်ရွယ်၍ ဇုန်အလိုက်၊ တစ်ကွင်း တစ်ဆက်တည်း စိုက်ပျိုးထုတ်လုပ်သည့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် စီမံကိန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက်ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"မြန်မာမှုရိုးရာ စားစရာ "ထမနဲ" ကို လည်းကောင်း၊ မြန်မာမှုလက်ရာ ရက်ကန်းပညာ "လွန်းရာကျော် ကြိုးကြိုးအချိတ်လုပ်ငန်း" ကို လည်းကောင်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့် ကြောင်း"** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေး ကြသည်။

**အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး**က မြန်မာ့ကြိုးကြိုး အချိတ် အထည်သည် မြန်မာ့ရိုးရာ ရက်ကန်းအနုပညာ၏ ထူးခြား သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒီဇိုင်း၊ အရောင်၊ ပိုးချည်မျှင် ရွေးချယ်မှု၊ ရက်လုပ်နည်း၊ ပန်းဖော် နည်းနှင့် အချိန်ကြာမြင့်စွာ လက်ဖြင့် လုပ်ကိုင်ရသည့် ကျွမ်းကျင်မှုများ ပါဝင်ပါကြောင်း၊ ကြိုးကြိုးအချိတ်တို့၏ သမိုင်း ကြောင်း၊ လက်ရှိကျင့်သုံးပုံ၊ ရိုးရာ အသိပညာ၊ ပညာရှင်များ၊ မျိုးဆက် လက်ဆင့်ကမ်းမှု၊ လက်ရှိ အခက်အခဲများနှင့် ထိန်းသိမ်းရေး အစီအစဉ်တို့ကို ဓာတ်ပုံ၊ ဗီဒီယို၊ အသံဖိုင်၊ စာရွက်စာတမ်းနှင့် အင်တာဗျူးများဖြင့် မှတ်တမ်း များထားရှိရမည်ဖြစ်ပါကြောင်း။

UNESCO သတ်မှတ်ထားသည့် Nomination Form နှင့် လုပ်ထုံး လုပ်နည်းအတိုင်း အမျိုးသား အဆင့် အဆိုပြုလွှာကို ပြင်ဆင်ပြီး သက်ဆိုင်ရာ အမျိုးသားအာဏာ ပိုင်အဖွဲ့မှ UNESCO သို့ တင်သွင်း ရမည်ဖြစ်ပါကြောင်း၊ မြန်မာမှု ရိုးရာစားစရာ ထမနဲနှင့် မြန်မာ့ ကြိုးကြိုးအချိတ် ရက်ကန်းပညာ နှင့် ရိုးရာဒီဇိုင်းဖန်တီးမှု စသည့် အဓိက အကြောင်းအရာများ ဖြင့် စနစ်တကျမှတ်တမ်းတင်၍ အမျိုးသားအဆင့် ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ ထည့်သွင်း ကာ UNESCO သတ်မှတ်ချက်များ နှင့်အညီ အဆင့်ဆင့်အဆိုပြုတင်ပြ သင့်ကြောင်း ဆွေးနွေးသည်။

**ကျေးသီး မဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ရိုးရာပညာရပ် များကို ယနေ့မျိုးဆက်၌ ရပ်တန့် မသွားစေဘဲ နောင်လာမည့် မျိုးဆက်သစ်များအထိ လက်ဆင့် ကမ်းနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရိုးရာ ပညာရှင်ထံမှ ပညာရပ်များကို မှတ်တမ်းတင်ခြင်း၊ သင်တန်းပေး ခြင်း၊ လူငယ်များကို အလုပ်သင် စနစ်နှင့် လက်တွေ့သင်ကြားပေး ခြင်းတို့ကို ဆောင်ရွက်သင့်ပါ ကြောင်း၊ အထူးသဖြင့် ယူနက်စကို သို့တင်သွင်းခြင်းကို နိုင်ငံတကာ အသိအမှတ်ပြုမှု ရရှိရန်အတွက် သာမဟုတ်ဘဲ မိမိတို့၏ ရိုးရာအမွေ အနှစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်အတွက် အခွင့်အရေး တစ်ခုအဖြစ် အသုံးပြုသင့်ပါ ကြောင်း၊ ထမနဲနှင့် အချိတ် ရက်ကန်းပညာသည် ယဉ်ကျေးမှု ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ပြီး ဒေသခံများအတွက် စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါ ကြောင်း သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေး သည်။

**ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်ဌေး**က မြန်မာ့ရိုးရာ စားစရာ ထမနဲနှင့် မြန်မာမှု လက်ရက်ကန်းပညာ "အချိတ် လုပ်ငန်း" သည် မြန်မာတို့၏ ရှေးမင်းဆက်များ ခေတ်ကတည်း က ရိုးရာယဉ်ကျေးမှုအမွေအနှစ် အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်း လာခဲ့သည်မှာ ယနေ့မျက်မှောက် ကာလအထိပင် ဖြစ်ပါကြောင်း၊ ရက်ကန်းနှင့်အချိတ်သည် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်ကို မျိုးဆက် တစ်ခုမှတစ်ခုသို့ ထိန်းသိမ်း

စာမျက်နှာ ၁၀ သို့ ◎

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းတာဝန်ခံဆရာမ ဒေါ်ဝါဝါမြင့် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။



## ရှင်းလင်းပြောကြား

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် လွှတ်တော်၏ဖွဲ့စည်းပုံနှင့် ပြည်သူတစ်ဦးချင်းစီက ဆန္ဒမဲပေး၍ လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်နိုင်သည့်အခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် လိုအပ်သည့်အရည်အချင်းများနှင့် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များ၊ လွှတ်တော်၏အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းကိစ္စရပ်များ၊ လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လွှတ်တော်၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုရသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လွှတ်တော်တွင် လက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ လွှတ်တော်မှ နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များက အသေးစိတ် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား ကျောင်းသူများသည် လွှတ်တော်အဆောက်အအုံ(B)ဆောင်ရှိ သင်တန်းခန်းမ၌ လွှတ်တော်သရုပ်ပြအစည်းအဝေး (Mock Parliament) လေ့ကျင့်ဆောင်ရွက်မှုအစီအစဉ်ကို စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တက်ရောက်လာကြသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှဆွေ၊ ပြည်သူ့လွှတ်တော် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာနန္ဒာလှမြင့်၊ ဦးသိန်းထွန်းဦး၊ ဒေါက်တာကျော်ဆွေ၊ ဦးကောင်းသက်စံ၊ ဒေါ်နန်းရီရီဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

---

✪ စာမျက်နှာ ၉ မှ

လက်လွှဲပြောင်းပေးနေသော အဖိုးတန် အတတ်ပညာတစ်ခုဖြစ်ပါကြောင်း၊ အမျိုးဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာကို ကမ္ဘာက သိရှိနိုင်ရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

**သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြစိုးက** "ထမနဲ" ဟူသည် ရိုးရာအစားအစာတစ်မျိုးကို ပြုလုပ်စားသုံးခြင်းမျှသာ မဟုတ်ပါကြောင်း၊ ထူးခြားချက်မှာ လူတစ်ဦးတည်းက ပြုလုပ်ခြင်းမဟုတ်ဘဲ လူအများစုပေါင်း၍ ဝိုင်းဝန်းလုပ်ကိုင်ကြခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကိုလူသားမျိုးနွယ်၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ကိုယ်စားပြုစာရင်းတွင် ပထမဆုံးစာရင်းဝင်အောင် တင်သွင်းနိုင်ခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံကို အခြေခံပြီး မြန်မာ့ရိုးရာအစားအစာများထဲမှ ထမနဲနှင့်ဆက်စပ်သည့် ရိုးရာဓလေ့များကိုလည်း စနစ်တကျ သုတေသနပြုမှတ်တမ်းတင် ထိန်းသိမ်းပြီး ယူနက်စကိုသို့ တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရက်ကန်းပညာသည် အလွန်ရှေးကျသည့် လက်မှုပညာတစ်ရပ်ဖြစ်ပြီး ပျူမြို့ပြနိုင်ငံများ ခေတ်ကတည်းက ရက်ကန်းပညာရှိခဲ့သည်ကို သုတေသနစာတမ်းများက ဖော်ပြထားပါကြောင်း၊ ထို့ကြောင့်လွန်းရာကျော် ကြိုးကြီးအချိတ် လက်ရက်ကန်းစင်နှင့် ရိုးရာရက်လုပ်ပညာရပ်များကို စနစ်တကျမှတ်တမ်းတင်ပြီး ပညာရှင်များ၊ လူငယ်များနှင့် ဒေသခံ လက်မှုပညာရှင်များ ပူးပေါင်းကာ နိုင်ငံတကာအဆင့်တွင် မိတ်ဆက်မြှင့်တင်သင့်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် လွန်းရာကျော်ရက်ကန်းအချိတ်ကို ယူနက်စကို တင်သွင်းခြင်းသည် မြန်မာ့ယဉ်ကျေးမှုအတွက် ကမ္ဘာ့အဝန်းအဝိုင်းထဲတွင် ကိုယ်ပိုင်ရိုးရာအမွေအနှစ် ပေါ်ထွက်လာစေခြင်းဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

**အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး**က ထမနဲကို မြန်မာ့ရိုးရာအစားအစာတစ်ခုတည်း ရှုထောင့်ဖြင့် ကြည့်၍ မလုံလောက်ပါကြောင်း၊ မြန်မာရိုးရာ တပို့တွဲလ၏ ရာသီပွဲတော်တစ်ခုဖြစ်သကဲ့သို့ လူမှုအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ဖော်ကြူးနေသည့် အသက်ဝင်နေဆဲ ဒြပ်မဲ့တစ်ခုဖြစ်ပါကြောင်း၊ ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် သတ်မှတ်ချက်များနှင့် ကိုက်ညီနေသည့် အချက်(၃)ချက်ရှိပါကြောင်း၊ မြန်မာ့ရိုးရာထမနဲပွဲတော်သည် လူမျိုးတစ်မျိုး၏ စည်းလုံးညီညွတ်မှုကို ဖော်ပြနေခြင်း၊ ရှေးဟောင်းရိုးရာ နည်းပညာကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းပေးနိုင်ခြင်း၊ မြန်မာပြည်သူများ ပါဝင်ဆင်နွှဲနိုင်သည့် အသက်ဝင်နေဆဲ ယဉ်ကျေးမှုအစဉ်အလာ ဖြစ်ခြင်းတို့သည် ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် ပါဝင်သည်ဆိုသည့် အရည်အချင်းများနှင့် ပြည့်စုံနေကြောင်း တွေ့ရှိရပါသဖြင့် မြန်မာ့ရိုးရာစားစရာထမနဲအား ပွဲတော်များနှင့်တွဲဖက်၍ တပို့တွဲလဆန်းတွင် ထမနဲထိုးပွဲတော်နှင့် ရိုးရာဓလေ့ ဒြပ်မဲ့ယဉ်ကျေးမှု အဖြစ်သာ အဆိုတင်သွင်းသင့်ကြောင်း။

လွန်းရာကျော် ရှေးရိုးရာ မြန်မာ့လက်ခတ်ရက်ကန်းစင်များနှင့် လက်ခတ်ရက်ကန်းပညာကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် လေ့လာရာတွင် အထည်အလိပ် ရက်လုပ်ခြင်း အတတ်ပညာသည် ကမ္ဘာတစ်ဝန်းတွင် ရှိကြသော်လည်း မြန်မာ့လက်ခတ်ပညာသည် ရှေးခေတ် ပျူမြို့ဟောင်းများမှစ၍ ပုဂံ၊ အင်းဝ၊ အမရပူရနှင့် ကုန်းဘောင်ခေတ်အထိ ရာစုပေါင်းများစွာ တိုင်အောင် မပျောက်ပျက်ဘဲ မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းလာသည့် ယဉ်ကျေးမှုတစ်ခု ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုရှင်တင်သွင်းသည့် မြန်မာ့ထမနဲနှင့် လွန်းရာကျော် ရှေးရိုးရာမြန်မာ့လက်ခတ်ရက်ကန်းစင်များနှင့် လက်ခတ်ရက်ကန်းပညာကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းပေးနိုင်ရေးအတွက် အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးသည်။

အလားတူ**ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်က** အကြံပြု ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက "မြန်မာ့ထမနဲယဉ်ကျေးမှု"ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ သတ်မှတ်ကာလဖြစ်သော ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်မတိုင်မီ စံသတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် ထမနဲယဉ်ကျေးမှုနှင့် ပတ်သက်သော လှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ထမနဲထိုးပြိုင်ပွဲများ ကျင်းပခြင်း၊ ထမနဲရောင်းချသူ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လိုအပ်သော လုပ်ငန်းစဉ်များအား မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း(မန္တလေး)၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့များ၊ တိုင်းရင်းသားရေးရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူလူထုလှုပ်ရှားမှု ပိုမိုပါဝင်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ကျင်းပသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများ၌ လွန်းရာကျော် ကြိုးကြီးချိတ် ပညာရပ်နှင့် ပတ်သက်၍ ဆွေးနွေးခြင်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လွန်းရာကျော်ကြိုးကြီးချိတ်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အဖြစ် စံသတ်မှတ်ချက်များနှင့် အညီ တင်သွင်းနိုင်ရေး အတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကဲ့သို့သော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာ့ထမနဲယဉ်ကျေးမှုကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ရေးနှင့် "လွန်းရာကျော်ကြိုးကြီးချိတ်လုပ်ငန်း" ကို ၂၀၂၈ ခုနှစ် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး ဆက်လက်တင်သွင်းရေးအတွက် ပြည်သူများပူးပေါင်းပါဝင်မှု၊ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုမှု၊ ပြည်သူနှင့် အသင်းအဖွဲ့များ ကောင်းစွာလှုပ်ရှားဆောင်ရွက်မှုများဖြင့် ဤဝန်ကြီးဌာနက ဆက်လက်ကြိုးပမ်းသွားပါမည်ဖြစ်ကြောင်း၊ သို့ပါ၍ အဆိုအား မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

---

## ကျောင်းကျန်းမာရေး အာဟာရကျွေးမွေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ KG ကလေးငယ်များအား ကျောင်းကျန်းမာရေးအာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက စံပြရပ်ကွက် အခြေခံပညာမူလတန်းကျောင်းနှင့် မြို့ရှေ့အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ကျင်းပခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့အိမ်တွင် အာဟာရပြည့်ဝ မျှတစွာ ချက်ပြုတ်စားသောက် တတ်စေရန်နှင့် ဉာဏ်ရည်ပြည့်ဝပြီး ကျန်းမာသန်စွမ်းသော ကလေးငယ်များ ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ စံပြရပ်ကွက်မူလတန်းကျောင်း၊ မြို့ရှေ့အခြေခံပညာအထက် တန်းကျောင်း စုစုပေါင်း ၈၀ ဦးတို့အား နေ့လယ်စာ အာဟာရကျွေးမွေး ခဲ့ကြောင်း သိရသည်။ (၄၅၆)

## ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်ပြသ

**တံတားဦး အောက်တိုဘာ ၉**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေးနှင့် စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန် ဖွံ့ဖြိုးရေးရည်ရွယ်ပြီး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက တံတားဦးမြို့နယ် ဆင်ကျုံးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာစာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေးအကြောင်း နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားဖတ်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။ ရဲတင့်(မြန်/ဆက်)

# တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၉

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းတင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဘုန်းတော်ကြီးကျောင်းတိုက် အဆောက်အအုံများနှင့် သီလရှင်ကျောင်းတိုက် အဆောက်အအုံများကို နိုင်ငံတော်အစိုးရမှ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က စစ်ကိုင်းမြို့နယ်တွင် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီ ၃၇ ဆူအနက် ဝါးချက်ကျေးရွာရှိ ဆင်မဝပ်စေတီ၊ လောကထွန်းတင် ရန်အောင်မြင်ဘုရား၊ မင်းလှစေတီ၊ ပုဂံရပ်ရှိ ရှင်ပင်အုံ့ဆင်းစေတီနှင့် ရွှေမင်းဝံရပ်ကွက်ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီစသည့် ဘုရား၊ စေတီ ငါးဆူကို ပြန်လည်ပြုပြင် ပြီးစီးပြီဖြစ်ပါကြောင်း၊ ရှေးဟောင်း ဘုရား၊ စေတီ ၁၁၈ ဆူအနက် သီတဂူဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်များနှင့်အလှူရှင်များ၏ လှူဒါန်းမှုနှင့် ပြုပြင်ပြီး ၁၉ ဆူ၊ ပြုပြင်ဆဲ ၁၇ ဆူဖြစ်ပြီး ပြုပြင်ရန်ကျန် ၈၂ ဆူဖြစ်ပါကြောင်း၊ ရှေးဟောင်း ဘုရားများဖြစ်ကြသော ပျူကံစေတီအုပ်စု ဘုရားခုနစ်ဆူ၊ လောကမှန်ကင်းလိုဏ်ဂူနှင့် မိပေါက်ကြီးစေတီတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက လျာထားပြီး ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်း ၆၉၄ ကျောင်းနှင့် သီလရှင်ကျောင်း ၃၇၇ ကျောင်းကို ပြန်လည်ပြုပြင်နိုင်ရေး အလှူရှင်ရှာဖွေလျက်ရှိပါကြောင်း။

စစ်ကိုင်းမြို့နယ် အတွင်းရှိ ကျောင်း အဆောက်အအုံများ ပြုပြင်မပြီးမီ ရဟန်း၊ သာမဏေနှင့် သီလရှင်များ အဆင်ပြေစွာ သီတင်းသုံးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် Prefabricated House အလုံး၂၀ကိုသာသနာရေးဝန်ကြီးဌာန၏စီမံမှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ဘုန်းကြီးကျောင်း ၁၁၀ နှင့် သီလရှင်ကျောင်း ၉၇ ကျောင်းတို့သို့ ၂၀၂၆ ခုနှစ် မေ ၂၁ ရက်မှစ၍ ပို့ဆောင်တပ်ဆင်ပေးခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် သက်ဆိုင်ရာ ကျောင်းတိုက် အသီးသီးတွင် တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းတိုက် အဆောက်အအုံများနှင့် သီလရှင်ကျောင်းတိုက် အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သက်ဆိုင်ရာ ကျောင်းတိုက်များသို့ အလှူရှင်များပေါ်ပေါက် လှူဒါန်းလာမှသာ ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံ၏ **ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအနက် အသက်(၁၈)နှစ်ပြည့်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်)အသစ် လျှောက်ထားရန် လိုအပ်သူများနှင့် မိမိတို့၏ နိုင်ငံသား စိစစ်ရေးကတ်ပြား ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းတို့ကြောင့် ပြန်လည်လဲလှယ် လျှောက်ထားရန် လိုအပ်သူများအား မိမိတို့ရောက်ရှိနေသည့် ဒေသများတွင် အလွယ်တကူ လျှောက်ထား ထုတ်ယူနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် မည်သို့သော အစီအစဉ်များချမှတ်၍ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် မည်ကဲ့သို့ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆)ဖြင့် နေထိုင်ခဲ့သော ယာယီနေရပ်စွန့်ခွာ ပြည်သူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ အသက်(၁၈)နှစ်ပြည့်၍ လဲလှယ်လိုခြင်း၊ အသက်(၁၀)နှစ်၊ (၁၈)နှစ်ပြည့်လာသည့် သားသမီးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်လိုခြင်းစသည့် အကြောင်းအမျိုးမျိုးဖြင့် လက်ရှိနေထိုင်ရာ ဒေသတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား လျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ် မှန်/မမှန်၊ ကိုယ်ရေးအချက်အလက် မှန်/မမှန် ဦးစွာတိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုဆောင်ရွက်ထုတ်ပေးလျက်ရှိပါကြောင်း။

အကယ်၍ လျှောက်ထားသူသည် တိုင်းရင်းသားဖြစ်ပြီး ယာယီနေရပ်စွန့်ခွာလာသည့် မြို့နယ်တွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူဖြစ်ပါက မူလနေထိုင်ရာဒေသတွင် နေထိုင်မှုရှိ/မရှိအား သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ချိတ်ဆက်စစ်ဆေး၍ မူလနေထိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ "နေထိုင်ခဲ့သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်" ရယူပြီး လက်ရှိနေထိုင်သည့် မြို့နယ်မှ မြို့နယ်လဝက၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ ၅ ဦးကော်မတီဖြင့် စိစစ်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသား မဟုတ်သည့် ဥပဒေအရ နိုင်ငံသား အဆုံးအဖြတ် ခံယူရမည့်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသား လက်မှတ်နှင့် စိစစ်ရေးကတ်ပြား၊ နိုင်ငံသား ပြုခွင့်လက်မှတ်နှင့် စိစစ်ရေး ကတ်ပြားတို့ကို ဆောင်ရွက်ပေး လျက်ရှိပါကြောင်း။

မူလဒေသမှ ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအတွက် ၎င်းတို့ရောက်ရှိနေထိုင်ရာ မြို့နယ်အသီးသီးတွင်အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ လုပ်ငန်းများဖြစ်သည့် မွေးဖွား၍ အိမ်ထောင်စု လူဦးရေစာရင်းတွင် အမည်စာရင်း ထည့်သွင်းခြင်း၊ သေဆုံး၍ အမည်စာရင်း ပယ်ဖျက်ခြင်း၊ ပြောင်းဝင်ခြင်း၊ ပြောင်းထွက်ခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်း ပျောက်ဆုံး/ပျက်စီး၍ မိတ္တူ ထုတ်ပေးခြင်းတို့ကို လည်းကောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပျောက်ဆုံး/ ပျက်စီး/ လဲလှယ်/ မိတ္တူထုတ်ပေးခြင်းတို့ကို လည်းကောင်းဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၆ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခု အစိုးရလက်ထက်တွင် ရက်ပေါင်း(၁၀၀) စီမံချက်ဖြင့် အသက်(၁၈)နှစ် ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို မြို့နယ်လဝကရုံးများ၌လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရန်အတွက် လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ရက်ပေါင်း(၁၀၀) ကာလအလွန်တွင်လည်း လမင်းစီမံချက်ဖြင့် မြို့နယ်လဝကရုံးများ၌ အိမ်ထောင်စု လူဦးရေစာရင်းဆိုင်ရာ လုပ်ငန်းများနှင့် အသက်(၁၀)နှစ်၊ (၁၈)နှစ်ပြည့်လာသူများအားနိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊ ပျောက်ဆုံး/ ပျက်စီးသဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ စတင်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၀၂၆ ဩဂုတ် ၁၆ ရက်အထိ နိုင်ငံသား စိစစ်ရေးကတ်ပြား (၁၀၁၇၉၆၃) ကတ်ထုတ်ပေးခဲ့ပြီး UIDကောက်ယူမှု အနေဖြင့်(၁၁၄၃၇၉၄)ဦး ဆောင်ရွက် ပေးခဲ့ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ခရိုင်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စုအတွင်းရှိ လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသော ကျေးရွာ(၃)ရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် (တောင်ပိုင်း) ခရိုင်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ ပြင်သာကျေးရွာနှင့် ရွှေပုထိုးကျေးရွာ သုံးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ပင်းတယ ဓာတ်အားခွဲရုံ၏ ၁၁ကေဗွီ ထိုးပုံဖီဒါ ဓာတ်အားလိုင်းမှ ချိတ်ဆက်၍ ဓာတ်အား ဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ခရိုင်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ ပြင်သာကျေးရွာနှင့် ရွှေပုထိုးကျေးရွာ သုံးရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာနှင့် ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှု အပေါ်မူတည်၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၉) စောမြတ်ထွဋ်ဝင်း(ခ) ကိုဆွိ၏ **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့နှင့် ဖာပွန်မြို့နယ်ကြား သံလွင်မြစ်ပေါ်တွင် တည်ဆောက်ရန် ရည်ရွယ်ထားသော ဟတ်ကြီး ရေအားလျှပ်စစ် စီမံကိန်းကြီးအား ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် စူးစမ်းလေ့လာမှု ဆက်လက်ပြုလုပ်ခဲ့ရာ တမံအောက်ခြေတွင် ထုံးကျောက်လိုဏ်များ တွေ့ရှိမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီများမှ ၂၀၁၁ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တင်ပြလာခဲ့ပါကြောင်း၊ ကုမ္ပဏီများဘက်မှ Karst အတွက် စူးစမ်းလေ့လာမှု ပြုလုပ်ပြီးမှသာ စီမံကိန်း ကုန်ကျစရိတ်များ တွက်ချက်တင်ပြနိုင်မည်ဖြစ်ပါကြောင်း ၂၀၁၃ ခုနှစ် ဇွန် ၅ ရက်တွင် ပြန်လည်တင်ပြခဲ့ပါကြောင်း၊ စီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား ၂၀၁၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တင်ပြခဲ့ပြီး ယင်းနောက်ပိုင်း ကုမ္ပဏီများအနေဖြင့် စီမံကိန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဌာနသို့ သီးခြားဆက်သွယ်ဆောင်ရွက်ခြင်း မရှိပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရန်မှာ စီမံကိန်းနေရာသို့ ဝင်ထွက်သွားလာနိုင်သည့်နေ့တွင် စူးစမ်းလေ့လာမှုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာ တင်ပြနိုင်သည့် နောက်ပိုင်းမှသာ သိရှိနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရေဝတီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄)ဦးအောင်ကျော်မင်း၏ **ရေဝတီတိုင်းဒေသကြီး မအူပင်မြို့၏ အလျင်အမြန်တိုးတက်လာသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်မီဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆောက် လျက်ရှိသော မအူပင် - ကျိုက်လတ် 66 KVA ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ 66 KV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများအား နှစ်တိုအတွင်း** စာမျက်နှာ ၁၂ သို့ ✣

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက် အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ထားရှိသည်။

ရှမ်းနီ (တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီတို့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေး ကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်၊ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ဆေစိုင်းကမ်၊ အတွင်းရေးမှူး စဝ်ဆေစိုင်းထူး၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆေအောင်ထွန်းနှင့် စဝ်ဆေကောင်းဆိုင်၊ တွဲဖက်အတွင်းရေးမှူး စဝ်ဆေဝမ်းဖု တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီနှင့် နေပြည်တော်၌ တရားဝင်တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဒေသတွင်းအကြမ်းဖက်အဖွဲ့များ မရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်သွားရန် လိုကြောင်း၊ အချို့လက်နက်ကိုင်အဖွဲ့များသည် နယ်မြေဒေသရှိ သဘာဝသယံဇာတများရယူလိုမှုဖြင့် စီးပွားရေးအကျိုးအမြတ်ပေါ်မူတည်၍ ဆောင်ရွက်နေကြကြောင်း၊ တိုင်းရင်းသားများ၏ နိုင်ငံရေးလိုလားချက်ဆန္ဒများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ ပဋိပက္ခများဖြစ်ပွားနေသည့်ဒေသများတွင် ပဋိပက္ခဒဏ်ခံစားနေရသူများမှာ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအနှီးများဖြစ်သော အမျိုးသမီး၊ ကလေးသူငယ်များ အပါအဝင် ပြည်သူများသာဖြစ်ကြောင်း၊ ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) ဒေသတွင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိမှသာ လူမှုဘဝရပ်တည်ရေး၊ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ SNUC/SNA အဖွဲ့သည် ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်က SNUC/SNA အနေဖြင့် ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက်ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ပါဝင်ခွင့်ရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့အဖွဲ့၏ အားနည်းချက်များအပေါ် လက်တွဲခေါ်ဆောင်ပေးသွားရန် တင်ပြလိုကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်နှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများက ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ (NSPNC)နှင့် စတုတ္ထအကြိမ် တရားဝင်တွေ့ဆုံဆွေးနွေးမှုအပေါ် ပြန်လည်သုံးသပ်ချက်နှင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကတိပြုချက်(မူကြမ်း)အား စိစစ်သုံးသပ်အတည်ပြုနိုင်ရေး၊ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များနှင့် တရားဝင်ကုန်သွယ်မှု၊ ထုတ်လုပ်မှု လုပ်ငန်းများဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီကို နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုရေး၊ တပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ရှမ်းနီ(တိုင်းလျှန်၊တိုင်းလိုင်)လူမျိုးများ၏သမိုင်းကြောင်းအရ ပျံ့နှံ့နေထိုင်မှု၊ မှတ်ပုံတင်အရ လူမျိုးအမည်အသုံးအနှုန်း၊ ဒေသအသိအမှတ်ပြုလိုမှုတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်မည့် အခြေအနေများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သဘောတူညီထားသည့် **"ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုချက်"** အား လက်မှတ်ရေးထိုးကြပြီး နှစ်ဖက်ခေါင်းဆောင်များက အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့မှုများတွင် ဆွေးနွေးတင်ပြခဲ့သော ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ NCA အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီ ဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

---

❖ စာမျက်နှာ ၂၄ မှ

ဒေါက်တာသန့်ဇော်လွင်၊ အားကစားရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး (မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ လုံတံပစ်)ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီးလုံတံပစ်ပြိုင်ပွဲ၊ အမျိုးသားလုံတံပစ်ပြိုင်ပွဲနှင့် အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်ကလည်းကောင်း၊ အမျိုးသား မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲတွင်ပထမ၊ဒုတိယနှင့်တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးကျော်ထင်ကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ခဲ့သည်။




စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ရှမ်းပြည်နယ်အသင်းအား ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်ပြီး အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၉၂ မှတ်ဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်ကလည်းကောင်း၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ်အသင်းမှ ဒီရဲဝူ၏ စံချိန် 14.43 မီတာထက် သာလွန်၍ စံချိန် 14.54 မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် ရှမ်းပြည်နယ်အသင်းမှ ဟိန်းသူရမိုးနှင့် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၇၇ မှတ်ဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၁၅၃ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် ရှမ်းပြည်နယ်အသင်းအား ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

"၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ"ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁) တို့၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်းအင်အား ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

## မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)





## မတ်ပဲဈေး တစ်ကျော့ပြန် အတက်ကြမ်းလာပြီး FAQ တစ်တန် ငွေကျပ် ၃၇ သိန်းကျော်အထိ ရောက်လာ

**မန္တလေး အောက်တိုဘာ ၉**

ပြည်တွင်းမတ်ပဲဈေးကွက်တွင် အောက်တိုဘာလ ပထမပတ်အတွင်း ဈေးနှုန်းတစ်ကျော့ပြန် မြင့်တက်လာရာ ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်၌ မတ်ပဲ FAQ RC (2026 Crop) တစ်တန်လျှင် ငွေကျပ် ၃၇၆၁၀၀၀ အထိရှိလာသည်။

စက်တင်ဘာလနောက်ဆုံးပတ်တွင် မတ်ပဲ FAQ တစ်တန် ငွေကျပ် ၃၄၉၁၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၁ ရက်တွင် ငွေကျပ် ၃၅၆၂၀၀၀ သို့ မြင့်တက်လာပြီး အောက်တိုဘာ ၅ ရက်တွင် ငွေကျပ် ၃၆၈၀၀၀၀ အထိ ရှိခဲ့သည်။ အောက်တိုဘာ ၈ ရက်တွင်မူ ငွေကျပ် ၃၇၆၁၀၀၀ သို့ ထပ်မံမြင့်တက်လာခြင်းဖြစ်ပြီး အောက်တိုဘာ ၅ ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ငွေကျပ် ၈၁၀၀၀ မြင့်တက်လာသည်။

မန္တလေးဈေးကွက်တွင်လည်း အောက်တိုဘာ ၈ ရက် မတ်ပဲဈေးနှုန်းမှာ ၆၀ ပိဿာလျှင် ငွေကျပ် ၃၂၅၀၀၀ မှ ၃၃၀၀၀၀ အတွင်းရှိသည်။

မတ်ပဲဈေးနှုန်း မြင့်တက်လာရခြင်းမှာ အိန္ဒိယနိုင်ငံမှ မြန်မာ့မတ်ပဲအပေါ် ဝယ်လိုအားရှိလာခြင်း၊ ကုန်သည်များ ဝယ်လက်စုံလာခြင်းနှင့် ပဲလက်ကျန်နည်းပါးပြီး ရောင်းချသူနည်းလာခြင်းတို့ကြောင့်ဖြစ်သည်။

လက်ရှိတွင် ဈေးနှုန်းမြင့်တက်လာသော်လည်း အရောင်းအဝယ်ပမာဏမှာ များပြားခြင်းမရှိကြောင်း၊ ပဲလက်ကျန်နည်းပါးပြီး ဝယ်လိုအား ဆက်လက်ကောင်းမွန်ပါက အောက်တိုဘာလအတွင်း ဈေးနှုန်းထပ်မံမြင့်တက်လာနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းထားသည်။

ယခင်နှစ်များတွင် နှစ်ကုန်ပိုင်းအထိ မတ်ပဲလက်ကျန်များရှိတတ်သော်လည်း ပြီးခဲ့သည့် ဆောင်းရာသီတွင် စိုက်ပျိုးမှုလျော့ကျခဲ့ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းကျဆင်းခဲ့ခြင်းတို့က ယခုနှစ်တွင် ပဲလက်ကျန် စောစီးစွာ နည်းပါးလာစေသည့် အကြောင်းအရင်းများဖြစ်သည်။

မတ်ပဲ FAQ တစ်တန်ဈေးနှုန်းနှင့် မန္တလေးဈေးကွက်ရှိ ၆၀ ပိဿာဈေးနှုန်းတို့အကြား ဈေးနှုန်းကွာဟမှုရှိနေသည့်အတွက် သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ဈေးကွက်အလိုက် ဝယ်ယူဈေးနှုန်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း သိရသည်။

(ခဲပုံ)

**ရွှေမန်း**

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

## မန္တလေးကားဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးနှုန်းမြင့်ကားများ ဈေးကျလာ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးကားဈေးကွက်အတွင်း လက်ရှိကာလ၌ အရောင်းအဝယ်အေးစက်လာပြီး ဈေးနှုန်းမြင့်မားသည့် ကားအမျိုးအစားများ၏ ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာကြောင်း မန္တလေးကားဝယ်ရောင်းလုပ်ကိုင်သူများထံမှ သိရသည်။

ကားဈေးနှုန်းများ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကာ ဆက်လက်မြင့်တက်နိုင်ခြေ နည်းပါးလာသဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ကားဝယ်ယူမှုထက် ဈေးကွက်အခြေအနေကို စောင့်ကြည့်လာကြသည်။

လက်ရှိဈေးကွက်တွင် ဈေးနှုန်းမြင့်မားသည့် ကားအမျိုးအစားများမှာ ဈေးနှုန်းသိသိသာသာ ကျဆင်းလာသည့်အပြင် ဝယ်ယူမှုလည်း အေးစက်နေသည်။

အလားတူ လူကြိုက်များသည့် ကားအမျိုးအစားများတွင်လည်း ဈေးနှုန်းဆက်လက်မြင့်တက်ခြင်းမရှိဘဲ အကျဘက်သို့ ဦးတည်လာကြောင်း၊ ယခင်က ဈေးနှုန်းမြင့်တက်လာမည်ဟု မျှော်လင့်ကာ ဝယ်ယူခဲ့ကြသည့် ရင်းနှီးမြှုပ်နှံသူများသည်လည်း လက်ရှိဈေးကွက်အခြေအနေကြောင့် ဝယ်ယူမှုများ လျှော့ချလာကြသည်။



ထို့ကြောင့် မန္တလေးကားဈေးကွက်တွင် ကားအမျိုးအစားအလိုက် ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်နေပြီး ဈေးနှုန်းမြင့်ကားများ သိသိသာသာ ဈေးကျလာသကဲ့သို့ လူကြိုက်များသည့် ကားအမျိုးအစားများလည်း ဈေးအကျဘက်သို့ ဦးတည်နေရာ အရောင်းအဝယ်အေးစက်လျက်ရှိကြောင်း သိရသည်။

(ခဲပုံ)

**မျိုးသန့်(မန္တလေးနေ့စဉ်)**

## တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံ (CAHW)သင်တန်း ဖွင့်လှစ်



**မကွေး အောက်တိုဘာ ၉**

မကွေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်း ဒေသခံပြည်သူများ မွေးမြူထားရှိသည့် ကျွဲ၊ နွား တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံ (CAHW) သင်တန်းကို ယမန်နေ့နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားကာ မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအေးမော်က မြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ကိုင်နေသူများနှင့် မွေးမြူရေးစိတ်ပါဝင်စားသူများအား မိမိတို့မွေးမြူနေသည့်တိရစ္ဆာန်များ ကူးစက်ရောဂါများ ဖြစ်ပွားမှုလျော့နည်းလာစေရန်၊ မေထုန်မဲ့နည်းဖြင့် မျိုးမြင့်သားစပ်ခြင်းဖြင့် မျိုးကောင်းမျိုးသန့်များပွားများလာစေရန်နှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မွေးမြူသူများ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မွေးမြူရေးတိရစ္ဆာန်များ၏ အခြေခံသိကောင်းစရာများနှင့် ကိုင်တွယ်ထိန်းချုပ်ခြင်း၊ ကျွဲ၊ နွားတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် ကာကွယ်ခြင်း ဘာသာရပ်များကို မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ ဦးအား အောက်တိုဘာ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ထိခိုက်ခဲ့သည့် အိမ်ထောင်စု ၂၁ စုအား စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၉**

ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပြိုကျခဲ့သည့် အိမ်ထောင်စု ၆ စုနှင့် ဘေးလွတ်ရာသို့ အရေးပေါ်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ၁၅ စု၊ စုစုပေါင်း အိမ်ထောင်စု ၂၁ စုအား မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့က အောက်တိုဘာ ၈ ရက်တွင် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့သော ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပြိုကျခဲ့သည့် အိမ်ထောင်စု ၆ စုအတွက် တစ်စုလျှင် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စားနပ်ရိက္ခာ၊ အိမ်သုံးပစ္စည်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ အရေးပေါ်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ၁၅ စုအတွက်လည်း တစ်စုလျှင် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ အိမ်သုံးပစ္စည်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။



အဆိုပါ ထောက်ပံ့မှုတွင် အိမ်ထောင်စု ၂၁ စုအတွက် စုစုပေါင်း ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင် ၁၀ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်



နေပြည်တော် အောက်တိုဘာ ၉

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှု များဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက် လာခဲ့ခြင်းများကြောင့်လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိရာ PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၁၀ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဥပဒေ အကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် AK-47 သေနတ် ၁ လက်၊ လက်လုပ်သေနတ် ၃ လက်၊ ပစ္စတိုသေနတ် ၁ လက်၊ ခြောက်လုံးပြူး သေနတ် ၁ လက်၊ လက်ပစ်ဗုံး ၅ လုံး၊ စကားပြောစက် ၅ လုံးတို့အား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် တိုင်းမှူးက မောင်းပြန်ရိုင်ဖယ် ၁ လက်အတွက် ငွေကျပ်သိန်း ၅၀၊ လက်လုပ်သေနတ် ၃ လက် အတွက် ငွေကျပ်သိန်း ၉၀၊ ပစ္စတိုသေနတ် ၁ လက်အတွက် ငွေကျပ်သိန်း ၂၀၊ ခြောက်လုံးပြူးသေနတ် ၁ လက်အတွက် ငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ၅ လုံးအတွက် ငွေကျပ် ၁၅ သိန်း၊ စကားပြောစက် ၅ လုံး အတွက် ငွေကျပ် ၁၀ သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၁၀ ဦးအတွက် ၁ ဦးလျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၅ သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ နှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံခဲ့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း မြို့နယ်မှအမျိုးသား ၁ဦး၊ အင်းစိန် မြို့နယ်မှ အမျိုးသား ၁ ဦး၊ ပဲခူး တိုင်းဒေသကြီး၊ ပြည်မြို့မှ အမျိုးသား ၁ ဦး၊ ဧရာဝတီ တိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်း မြို့နယ်မှအမျိုးသား ၁ဦး၊ ဟိုင်းကြီး ကျွန်းမြို့နယ်မှ အမျိုးသား ၁ ဦး၊ မွန်ပြည်နယ်၊ ပေါင်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ဘီးလင်းမြို့နယ်မှ အမျိုးသား ၂ ဦး၊ သထုံမြို့နယ်မှ အမျိုးသား ၁ ဦး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ် မှ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက် အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတား များကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်း ခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မ မှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်း တို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်း ပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။







နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခြင်းများကိုအောက်တိုဘာ ၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ ထပ်အဆောက် အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ၆ ထပ်အဆောက် အအုံ ၁ လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေးအထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

# ပြည်တွင်းကြက်သွန်နီ ဈေးနှုန်းကောင်းရရှိနေ

မန္တလေး အောက်တိုဘာ ၉

ပြည်တွင်းကြက်သွန်နီ လက်ကျန်နည်းပါးလာခြင်းကြောင့် လက်ရှိဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် လက်လီဈေးနှုန်း ငွေကျပ် ၁၀၀၀၀ အထိ မြင့်တက်လာပြီး ဈေးနှုန်းကောင်း ရရှိနေသည်။

အဆိုပါဈေးနှုန်း မြင့်တက်မှုမှာ ပြည်တွင်း ကြက်သွန်နီ လက်ကျန်နည်းပါးလာခြင်းကြောင့် မကြာမီ မိုးကြက်သွန်များ ဈေးကွက်အတွင်း ဝင်ရောက်လာပါက ဈေးနှုန်းပြန်လည်ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

မိုးကြက်သွန်များမှာ နိုဝင်ဘာလဆန်းပိုင်းမှသာ ဈေးကွက်အတွင်း စတင်ဝင်ရောက်လာမည်ဖြစ်သဖြင့် လတ်တလောကာလအတွင်း ကြက်သွန်နီဈေးနှုန်း အလျှင်အမြန်ကျဆင်းရန် မလွယ်ကူသေးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီကို စစ်ကိုင်းတိုင်းဒေသကြီးများ အပါအဝင် ဒေသအချို့တွင် စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧက ၁ သိန်း ၇ သောင်းခန့် စိုက်ပျိုးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

(မန္တလေးနေ့စဉ်-စ)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ" ဖိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်၊ ဒေါက်တာသက်သက်ဇင်၊ ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်ထင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးရဲတင့်၊ ဦးညီညီ၊

စာမျက်နှာ ၁၃ သို့ ✣



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဖိုလ်လုပွဲ ကျင်းပစဉ်။

## AFC U-17 အမျိုးသမီး ဘောလုံးပြိုင်ပွဲ မြန်မာနှင့် တရုတ်-ဟောင်ကောင်အသင်းတို့၏ ခြေစစ်ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၉

AFC U-17 အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာနှင့် တရုတ်-ဟောင်ကောင် အမျိုးသမီးဘောလုံးအသင်းတို့၏ ခြေစစ်ပွဲစဉ်ကို အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## မန္တလေးမြို့အနီး ဝါးနက်အပန်းဖြေဆင်စခန်းတွင် ဆင် ၁၁ ကောင်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးမြို့အနီးရှိ ဝါးနက်အပန်းဖြေဆင်စခန်းတွင် ဆင်ကြီးရှစ်ကောင်နှင့် ဆင်ငယ်သုံးကောင် စုစုပေါင်း ၁၁ ကောင်ဖြင့် လာရောက်လည်ပတ်သူများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ဆင်စီးခြင်း၊ ဆင်စာကျွေးခြင်းနှင့် ဆင်များ၏ နေထိုင်မှုအလေ့အထများကို လေ့လာနိုင်ကြောင်း စခန်းတာဝန်ခံ ကိုဘိုကျော်ထွေးထံမှ သိရသည်။

"စခန်းရဲ့ သန့်ရှင်းသာယာလှပရေးနဲ့ လာရောက်အပန်းဖြေသူတွေ စိတ်ကျေနပ်မှုရှိစေဖို့ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားပါတယ်။ ဆင်တွေအကြောင်းကို အနီးကပ်လေ့လာ နိုင်သလို ဆင်စာကျွေးခြင်းနဲ့ သဘာဝပတ်ဝန်းကျင်အတွင်း အပန်းဖြေအနားယူခြင်းတို့ကိုလည်း ပြုလုပ်နိုင်ပါတယ်။ မိသားစုလိုက်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ဖြစ်စေ လာရောက်လည်ပတ်နိုင်တဲ့အတွက် အားလပ်ရက်တွေမှာ လာရောက်အပန်းဖြေကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းက ပြောသည်။

စခန်းတွင် ဆင်စီးခြင်း၊ ဆင်စာကျွေးခြင်း၊ ဘူဖေးကျွေးခြင်းနှင့် ဧည့်သည်များပြားသည့်အချိန်၌ ဆင်ငယ်များဖြင့် ဘောလုံးကန်ပြခြင်း၊ ဆင်ပြပွဲများ ပြသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဆင်စီးခရီးတိုအတွက် တစ်ဦးလျှင် ခရီးတိုငွေကျပ် ၃၀၀၀၊ ဆင်ရပ်နားရာနေရာမှ တောင်ခြေရှိဘုရားအထိ စီးနင်းပါက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ကောက်ခံကြောင်း၊ ဆင်များအကြောင်း ဗဟုသုတရရှိစေရန် ဆင်ပြတိုက်ငယ်ကိုလည်း ဖွင့်လှစ်ထားသည်။

ဝါးနက်အပန်းဖြေဆင်စခန်းကို ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆင်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဆင်မုဆိုးများ၏ အန္တရာယ်မှ ကာကွယ်ရန်၊ ဆင်များ၏ နေထိုင်မှုပုံစံနှင့် အလေ့အထများကို အများပြည်သူသိရှိနားလည်စေရန်၊ ဒေသခံပြည်သူများနှင့် ဆင်ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ဆင်ထိန်းသိမ်းရေးအခြေခံ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဝင်ငွေရရှိစေရန် ရည်ရွယ်ထားကြောင်း လက်ထောက်မန်နေဂျာ ကိုဇေကိုလတ်က ပြောသည်။

"သီတင်းကျွတ်ကာလ နီးကပ်လာတဲ့အတွက် ဆင်စခန်းမှာ မီးပုံးလေးတွေ ချိတ်ဆွဲအလှဆင်ဖို့ စီစဉ်ထားပါတယ်။ လာရောက်အပန်းဖြေသူတွေအတွက် ဈေးဆိုင်တွေဖွင့်လှစ်ထားပြီး အစားအသောက်နဲ့ အအေးမျိုးစုံကိုလည်း ရောင်းချပေးထားပါတယ်။ မန္တလေးမြို့နဲ့ မနီးမဝေးမှာရှိပြီး မိသားစုလိုက် လာရောက်လေ့လာအပန်းဖြေနိုင်တဲ့အတွက် အများပြည်သူတွေအနေနဲ့ လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဆင်ဦးစီး မောင်အောင်က ဆင်စခန်းတွင် လုပ်ကိုင်လာသည်မှာ သုံးနှစ်ရှိပြီဖြစ်ပြီး ဆင်ဦးစီးလုပ်ငန်းမှာ မိဘများလက်ထက်ကတည်းက လုပ်ကိုင်လာခဲ့သည့် မိရိုးဖလာအလုပ်အကိုင်ဖြစ်ကြောင်း ပြောသည်။ ဆင်များ၏ အခြေအနေနှင့် လိုအပ်ချက်များအလိုက် ထိန်းသိမ်းစောင့်ရှောက်ပေးရပြီး ညနေ ၆ နာရီခန့်တွင် တောအတွင်းသို့ လွှတ်ပေးကာ နံနက် ၅ နာရီခန့်တွင် ပြန်လည်ခေါ်ဆောင်လာပြီး ရေချိုးပေးခြင်းနှင့် အခြားလိုအပ်သည့် စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးရကြောင်း သိရသည်။

လာရောက်လည်ပတ်သူ ကိုသူရက ကလေးများကို ဆင်များအနီးကပ်မြင်တွေ့လေ့လာစေရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်များစွာကို အနီးကပ်တွေ့မြင်ရသည့်အပြင် ဆင်ရိုးစုကြီးကို လေ့လာခွင့်ရခြင်းမှာလည်း အံ့သြစိတ်ဝင်စားဖွယ်ကောင်းကြောင်း ပြောသည်။ ထို့ပြင် စခန်းအတွင်း စိတ်အေးချမ်းစွာ အပန်းဖြေနိုင်ပြီး လုပ်ငန်းကိစ္စများအတွက် Wi-Fi အသုံးပြုနိုင်ခြင်းကြောင့်လည်း အဆင်ပြေကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဆင်စခန်း ၂၄ ခု ဖွင့်လှစ်ထားရှိပြီး ယင်းတို့အနက် ၁၂ ခုမှာ ခရီးသွားဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။ ဝါးနက်အပန်းဖြေဆင်စခန်းသည်လည်း ဆင်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်ကာ မန္တလေးမြို့အနီးတွင် မိသားစုလိုက် လာရောက်လေ့လာအပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



## ရာယန်ချာကီ၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၇၆ သန်းအဖြစ် မန်စီးတီးအသင်း သတ်မှတ်

**လန်ဒန် အောက်တိုဘာ ၉**

မန်စီးတီးအသင်းသည် ကွင်းလယ်တိုက်စစ်ကစားသမား



ရာယန်ချာကီ၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၇၆ သန်းအဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီး၊ ပီအက်စ်ဂျီ၊ လီဗာပူးစသည့် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်တိုက်စစ်ကစားသမား ရာယန်ချာကီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ ပွဲ ကစားပြီး ၁၅ ဂိုးအထိ သွင်းယူထားပြီး ခြေစွမ်းပြထားနိုင်ခြင်းကြောင့် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်စီးတီးအသင်းကလည်း ရာယန်ချာကီအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီး၊ ပီအက်စ်ဂျီ၊ လီဗာပူးစသည့် အသင်းများအနေဖြင့် မည်သည့်အသင်းက မန်စီးတီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေပြီး ရာယန်ချာကီကို ခေါ်ယူသွားနိုင်မည်လဲ ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## ဒေးဗစ်ဆေးလ်ဗာကို Supreme Sha Tin အသင်းခေါ်ယူ

**ဟောင်ကောင် အောက်တိုဘာ ၉**

ဟောင်ကောင်ပရီးမီးယားလိဂ်တန်းတက်ကလပ် Supreme Sha Tin အသင်းသည် ဝါရင့် ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗာကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၃ခုနှစ်က ဘောလုံးကစားသမားဘဝမှ အနားယူခဲ့သော်လည်း လက်ရှိအချိန် ဘောလုံးပြန်ကစားရန် ဆုံးဖြတ်ခဲ့ပြီး Supreme Sha Tin အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗာသည် Supreme Sha Tin အသင်းတွင် ကျောနံပါတ် ၂၁ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

